ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (1-12-2015) (၈၄၀၁)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရိုမေးနီးယားနိုင်ငံအမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရိုမေးနီးယားနိုင်ငံသမ္မတ မစ္စတာ ကလောက်စ် ဗမ်နာ ယိုဟမ်နစ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရိုမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စောရင်း မိရှိုင်း ချင်ပီယာနို ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးအား နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်သည့် နိုင်ငံ၏ အဓိကလေဆိပ်တစ်ခုအဖြစ် မဖြစ်မနေဆောင်ရွက်ရမည်

**ဆုနှင်းလှဲ့**


ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ပုံစံငယ်။

အသစ်အကောင်အထည်ဖော် တည်ဆောက်သွားရန် စီမံကိန်းရေးဆွဲထားသည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးအား နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်သည့် နိုင်ငံ၏ အဓိကအချက်အချာကျသော ဝင်ပေါက်ထွက်ပေါက်တစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုအဖြစ် မဖြစ်မနေဆောင်ရွက်ရမည်ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ဟံသာဝတီလေဆိပ်တည်ဆောက်ရန် တင်ဒါခေါ်ယူမှုများ ပြုလုပ်ခဲ့ပြီး မူလက ၂၀၁၈ ခုနှစ်တွင် ပြီးစီးရန် ရည်မှန်းခဲ့သော်လည်း တင်ဒါပြန်လည်ခေါ်ယူခဲ့ခြင်း၊ တင်ဒါအောင် ကုမ္ပဏီမှ ချေးငွေရယူမှုဆိုင်ရာများ ညှိနှိုင်းဆွေးနွေးမှုများကြောင့် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကာ ရည်မှန်းထားသည့် ၂၀၂၀ သို့မဟုတ် ၂၀၂၂ ခုနှစ်တွင် ပြီးစီးနိုင်မည်ဟု အကြမ်းဖျင်းလျာထားသတ်မှတ်ထားကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

"ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို နိုင်ငံရဲ့ International Gate way ဖြစ်စေဖို့အတွက် မဖြစ်မနေဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ လေဆိပ်တစ်ခုအနေနဲ့ Aviation Hub Gate Way ဖြစ်ဖို့လိုအပ်ပါတယ်။ ဒီလို Gate Way ရှိမှသာ အဲဒီနိုင်ငံရဲ့ Aviation Standard မြင့်မားမှုကို သတ်မှတ်တာဖြစ်ပါတယ်။ တို့နိုင်ငံမှာ ဒါမျိုးမရှိသေးဘူး။ ဟံသာဝတီလေဆိပ်ဟာ နိုင်ငံရဲ့ ဂုဏ်သိက္ခာဖြစ်တယ်။ ဒီလိုလေဆိပ်ကြီးကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**"ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပြည်ပချေးငွေရယူခြင်း၊ ပြည်ပကြွေးမြီအဖြစ် ပေါ်ပေါက်သည့်ပြည်ပသို့ အစိုးရစာချုပ်များ ထုတ်ဝေရောင်းချခြင်းလုပ်ငန်းများ လုပ်ဆောင်ကြပါတယ်"**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ ပြည်ပကြွေးမြီကိစ္စနှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်

စာမျက်နှာ » ၅

# နှစ်သိမ့်ဆွေးနွေးမှုနှင့် နွေးထွေးမှု လိုအပ်နေသည့် အိပ်ချ်အိုင်ဗွီဝေဒနာရှင်များ

**ဒုတိယအိမ်ထောင်မှ ခင်ပွန်းသည်တစ်ယောက် ၎င်း၏မိဘများအိမ်တွင် ၂၀၁၃ ခုနှစ်အတွင်း ကွယ်လွန်ပြီး နှစ်ပတ်အကြာတွင် ခင်ပွန်းသည်၏မိဘသားချင်းများက ခင်ပွန်းသည်သည် HIV/AIDS ဖြင့် ဆုံးခြင်းဖြစ်ကြောင်း ဒေါ်ချိုအား ဖုန်းဆက်အကြောင်းကြားလာသည်။ သူ့ကိုလည်း သွေးစစ်ကြည့်ရန်ပြောသွားသေးသည်။**

သတင်းဆောင်းပါး - အိချယ်ရီအောင်

နေပူကျဲတဲအောက်မှာပင် ဒေါ်ချိုတစ်ယောက် သွေးစစ်ခံရန် ဆေးခန်းတစ်ခုသို့ အပြေးသွားရောက်ခဲ့ပုံကို ယခုထိ ကောင်းကောင်းမှတ်မိနေဆဲ။ ရောဂါပိုးမရှိဟု အဖြေထွက်လာတော့မှ ဒေါ်ချိုတစ်ယောက် သက်ပြင်းချနိုင်ခဲ့တော့သည်။ သို့သော် နောက်ပိုင်း ကိုယ်အလေးချိန်လျော့ကျလာသလို မကြာခဏလည်း ပိုပြီးနေထိုင်မကောင်းဖြစ်လာတော့ ဒေါ်ချိုလည်း ပြီးခဲ့သည့် စက်တင်ဘာလအတွင်း နောက်တစ်ကြိမ်သွေးစစ်ကြည့်သည်။ သည်တစ်ခါတော့ အဖြေက ပိုးရှိသည်ဟု ထွက်လာသည်။ "ရောဂါဖြစ်မှန်းသိသိချင်းမှာ စိတ်မကောင်းဖြစ်သလို ဝမ်းလည်းနည်းမိတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ အသက် (၄၃) နှစ်အရွယ် ဒေါ်ချိုက ပါးပြင်ပေါ်သို့လိမ့်ဆင်းလာသည့် မျက်ရည်စများကို လက်ဖမိုးဖြင့် သုတ်ရင်းပြောသည်။ ယခင်က ဒေါ်ချိုသည် အိမ်အနီးအနားမှာပင် အထည်ဆိုင်ဖွင့်ခဲ့သူဖြစ်သည်။ ရောဂါဖြစ်သည်ဟု သိသိချင်း နှစ်ရက်မြောက်သည့်နေ့၌ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်ရှိ ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးဂေဟာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ဒေါ်ချို၏ မိသားစုက လိုအပ်သည့် အသုံးစရိတ်များကို ထောက်ပံ့ပေးသော်လည်း အိမ်တွင် ညီမဖြစ်သူ၏




ကလေးငယ်ရှိခြင်းကြောင့် ဒေါ်ချို၏မိသားစုဝင်များက ကလေးငယ်အား ရောဂါကူးစက်မည်ကို စိုးရိမ်ခြင်းကြောင့် ဒေါ်ချိုအားအိမ်ပြန်မခေါ်ခဲ့ပေ။ ဒေါ်ချိုတွင် ပထမ

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
for 2016, June Exam
LCCI
Level - I, II, III
စာရင်းကိုင်သင်တန်းများ
ACCA, Dip IFR
ကျောင်းအပ် လက်ခံပြီ
LCCI Approved Centre
အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)
Tel: 01-377610, 09-730 66231, 09-320 60060

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒီဇင်ဘာ ၂ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံဆွေးနွေးရန် တောင်းဆိုခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးနှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့တို့က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တွေ့ဆုံခွင့်တောင်းသည့်ကိစ္စကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံ လာရောက်တွေ့ဆုံ နိုင်ရေး စီစဉ်ပေးပါရန် နိုဝင်ဘာ ၁၀ ရက် နေ့စွဲပါစာဖြင့် သီးခြားစီပေးပို့ခဲ့ခြင်းအပေါ် နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံ ဆွေးနွေးရန် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် သမ္မတအိမ်တော်၌လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တွေ့ဆုံဆွေးနွေးရန် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ရိပ်သာ၌လည်းကောင်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

(၉၅)နှစ်မြောက်
အမျိုးသားနေ့

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၆-၁၂-၂၀၁၅)

# နေပြည်တော် ဒက္ခိဏသီရိစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိ (အသေးစားနှင့် အလတ်စား) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က အမှာစကားပြောကြားရာ ဒက္ခိဏသီရိ(အသေးစားနှင့် အလတ်စား)စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးမှအစ အဘက်ဘက်မှ ပြည့်စုံအောင် ကူညီပေးမည်ဖြစ်ကြောင်း၊ ယခုအခါ လျှပ်စစ်မီးများလုံလောက်စွာ တပ်ဆင်ပေးထားပြီး နှစ်လမ်းသွားကွန်ကရစ်လမ်းများ ခင်းပေးထားခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်ပေးထားခြင်း၊ စက်မှုဇုန်မြေကွက်များမှာ ကျယ်ဝန်းပြီး စနစ်တကျအကောင်အထည်ဖော် အကွက်ရိုက်ပေးထားခြင်းတို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းရှင်များအတွက် များစွာအကျိုးရှိလာမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒက္ခိဏသီရိ(အသေးစားနှင့် အလတ်စား)စက်မှုဇုန်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက စက်မှုဇုန်တွင် လုပ်ငန်းလုပ်ဆောင်ကြမည့် လုပ်ငန်းရှင်တစ်ဦးချင်း၏ လိုအပ်ချက်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **ဇော်မင်းအောင်(၁၀၇)**

**ဟံသာဝတီမှ**

ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းဟာ ဌာနနဲ့ နိုင်ငံရဲ့ အကြီးမားဆုံး ဂုဏ်ပုဒ်ဖြစ်ပါတယ်။ ရန်ကုန်လေဆိပ်ဟာ လူနေရပ်ကွက် အဆောက်အအုံတွေနဲ့ ၂၄ နာရီ လေယာဉ်ဆင်းတက်လို့ မရဘူး။ အာဆီယံနိုင်ငံထဲမှာဆိုရင် လာအို၊ မြန်မာ၊ ကမ္ဘောဒီးယားတို့လောက်ပဲ ကျန်တော့တယ်။ ၂၄ နာရီ Operation လုပ်နိုင်မယ့် ဟံသာဝတီလေဆိပ်ကြီးကို မဖြစ်မနေဆောင်ရွက်ရမှာ ဖြစ်တယ်။ ဒါကြောင့်Aviation Industry ကိုလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ အခြားနိုင်ငံများရဲ့ လုပ်ဆောင်ချက်များကိုလည်း လေ့လာထားဖို့ လိုပါတယ်။ ဒီဌာနအနေနဲ့ လေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်" ဟု ပို့ဆောင်ရေးကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမသို့ နိုဝင်ဘာ ၂၇ ရက်က ရောက်ရှိလာစဉ် တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဆင့်မြှင့်တင်မှုများဆောင်ရွက်နေပြီး တစ်နှစ်လျှင် ခရီးသည် ခြောက်သန်းထက်မက ဝင်ထွက်သွားလာနိုင်ရန်စီမံခန့်ခွဲနိုင်သည်အထိ အဆင့်မြှင့်တင်လျက်ရှိသော်လည်း ပတ်ဝန်းကျင်တွင် လေဆိပ်အနီးရှိ အဆောက်အအုံများ၊ လမ်းများကြောင့် လေဆိပ်ကြီးတစ်ခုအဖြစ် အဆင့်မြှင့်တင်ရန် ကန့်သတ်ချက်နဲ့ အခက်အခဲများစွာရှိနေသောကြောင့် ဟံသာဝတီလေဆိပ်ကို အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးတစ်ခုအဖြစ် တည်ဆောက်အကောင်အထည်ဖော်သွားရန်စီစဉ်လျက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ညွှန်ကြားရေးမှူးချုပ်(ပူးတွဲ) ဦးမင်းလွင်က ကြေးမုံသတင်းစာသို့ ပြောကြားခဲ့သည်။

"ရန်ကုန်လေဆိပ်ဘေးမှာရှိတဲ့ လူနေအဆောက်အအုံတွေ၊ ကားလမ်းတွေက ကန့်သတ်ချက်လိုဖြစ်လာတယ်။ တိုးချဲ့ချင်သလောက် ချဲ့လို့မရဘူး။ ဒါကြောင့်မို့လို့လည်း ဟံသာဝတီကို အပြည်ပြည်ဆိုင်ရာကွင်းသစ်အဖြစ် ဆောက်မယ်လို့ ရည်ရွယ်ခဲ့ပြီးတော့ တင်ဒါခေါ်တဲ့လုပ်ငန်းတွေ၊ မြေနေရာရွေးချယ်တဲ့ လုပ်ငန်းတွေ၊ တင်ဒါရွေးချယ်တဲ့ လုပ်ငန်းတွေ လုပ်ခဲ့ကာ တင်ဒါအောင်တဲ့ ကုမ္ပဏီနဲ့ စကားပြောနေတဲ့ အဆင့်ရောက်နေပြီ"ဟု ဩဂုတ်လကုန်ပိုင်းက ကြေးမုံသတင်းစာနှင့် သီးခြားတွေ့ဆုံစဉ် ဦးမင်းလွင်က ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် လေယာဉ်ကွင်းပေါင်း ၆၉ ကွင်းရှိပြီး သုံးကွင်းမှာ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဖြစ် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတို့ဖြစ်ပြီး ကွင်း ၃၀ မှာ ပြည်တွင်းလေဆိပ်များဖြစ်၍ လုပ်ငန်းလည်ပတ်နေသည့် ကွင်းများဖြစ်ကြောင်း သိရသည်။

# ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းကြရန် နှိုးဆော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အသိပေးနှိုးဆော်စာ**
**နေပြည်တော်၊ နိုဝင်ဘာ ၃၀**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် လွှတ်တော်အသီးသီးအတွက် အထွေထွေရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးသည် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၇၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ၎င်းတို့အမည်စာရင်း တင်သွင်းခဲ့ကြသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို မတင်သွင်းပါက သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေ ၈၄ အရ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

ယနေ့အချိန်ထိ နိုင်ငံရေးပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းသူဦးရေမှာ နည်းပါးလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ရွေးကောက်ပွဲ ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်အား သတ်မှတ်ရက်အတွင်း အမြန်ဆုံးတင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဘက်စုံအသုံးပြုရန် မော်တော်ယာဉ်တစ်စီးလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဗဟန်းမြို့နယ် စည်ပင်သာယာရေးကော်မတီအတွက် ဘက်စုံအသုံးပြုရန် Truck မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးခင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် TokyoPipe & Excel Hotel Group ဥက္ကဋ္ဌ ဦးသိန်းဟန်က မော်တော်ယာဉ်လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဦးသိန်းဟန်နှင့် ဇနီး ဒေါက်တာသီသီ မိသားစုတို့က မော်တော်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားပြီးမိခင်များအား အာဟာရဖြစ်စေမည့် အစားအစာများထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၏ ဇနီး ဒေါ်ဝင်းဝင်းမော် ဦးဆောင်သော မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များသည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်း၌ ပြသသောကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားပြီးမိခင် ၁၀၀ အား အာဟာရဖြစ်စေမည့် အစားအစာများထောက်ပံ့ပေးခြင်းကို နိုဝင်ဘာ ၃၀ ရက်က ပြုလုပ်ရာ မေတ္တာစမ်းရေဆေးခန်းမှ ဆေးရုံအုပ်ကြီး ဒေါ်စမ်းစမ်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ထောက်ပံ့ခြင်းအခမ်းအနားတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားပြီးမိခင်တစ်ဦးလျှင် ငွေကျပ် ၄၁၃၅ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၁၃၅၀၀ တန်ဖိုးရှိ အာဟာရဖြစ်စေမည့် အစားအစာများနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**






# ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ မှ ခေါင်းဆောင်များ တက်ရောက်မည်

**ပါရီ နိုဝင်ဘာ ၃၀**

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံသို့ တက်ရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ကမ္ဘာ့ခေါင်းဆောင်များသည် ပြင်သစ်နိုင်ငံ ပါရီမြို့ ဆင်ခြေဖုံးရှိ လီဘောဂေးအရပ်၌ စုဝေးရောက်ရှိနေကြောင်း ဆင်ဟွာသတင်းဌာနက နိုဝင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရက်သတ္တနှစ်ပတ်ကြာ ကျင်းပမည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်မှ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။

ကမ္ဘာ့ခေါင်းဆောင်များအားလုံးက မျှော်လင့်စောင့်စားခဲ့ကြသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံ၌ ၂၀၂၀ ပြည့်နှစ်ကို ကျော်လွန်၍ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး နိုင်ငံတကာသဘောတူညီချက်သစ် ပေါ်ထွက်လာရန် ရည်မှန်းကြသည်။ ၂၀၂၀ ပြည့်နှစ်တွင် ၁၉၉၇ ခုနှစ် တိုကျို သဘောတူညီချက်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့လျှော့ချရေး သဘောတူညီချက်သစ်ရရှိခြင်းဖြင့် ကမ္ဘာ့အပူချိန် မြင့်တက်နေမှုကို ထိန်းချုပ်ထားနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က မိန့်ခွန်းပြောရန် စီစဉ်ထားသည်။

ကမ္ဘာပေါ်တွင် စီးပွားရေးဒုတိယအင်အားအကြီးဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှင့်မှုလျှော့ချနိုင်ရန် ရုပ်ကြွင်းလောင်စာမဟုတ်သည့် အရင်းအမြစ်များမှ စွမ်းအင်ထုတ်လုပ်မှုကို ၂၀၃၀ ပြည့်နှစ်ထက်နောက်မကျဘဲ ၂၀ ရာခိုင်နှုန်းခန့်အထိ မြှင့်တင်သွားရန် ရည်မှန်းထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ သမိုင်းဦးမတိုင်မီခေတ်က လူ့အသုံးအဆောင်ပစ္စည်းများ တူးဖော်တွေ့ရှိ

**ရင်ချွမ်း နိုဝင်ဘာ ၃၀**

လွန်ခဲ့သော နှစ် ၄၀၀၀ ခန့် သမိုင်းဦးမတိုင်မီခေတ်က လူများအသုံးပြုခဲ့သည့် ပစ္စည်းအမျိုး ၃၀၀ ကျော်ကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း နင်ကျားဟွေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တူးဖော်တွေ့ရှိခဲ့ကြောင်းသိရသည်။

အဆိုပါပစ္စည်းအပိုင်းအစများကို စတုရန်းမီတာ ၈၀၀ ရှိသော တူးဖော်ရေးနယ်မြေရှိရာ ပိုင်ယွမ် ယဉ်ကျေးမှုအမွေအနှစ်နယ်မြေအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနအဖွဲ့ခေါင်းဆောင် ဝန်ကျောင်ရန်က ပြောကြားသည်။ တွေ့ရှိခဲ့ရသည့် ပစ္စည်းအပိုင်းအစများတွင် မြေစေးအိုးများ၊ ဇလုံများ၊ ပန်းကန်ခွက်ယောက်နှင့်ဓားများ၊ ကျောက်ပုဆိန်များနှင့် ဆောက်များအပြင် အရိုးစူးနှင့် အပ်များ ပါဝင်သည်။ ရှေးဟောင်းသုတေသနပညာရှင်များက ပြင်ဆင်မွမ်းမံမှုပြုလုပ်ရာတွင် အသုံးပြုသည်ဟု ယုံကြည်ရသော ခုံးကောင်အခွံများကိုလည်း တွေ့ရှိခဲ့သည်။

စတုရန်းမီတာ ၂၅၀၀၀ ရှိသော ပိုင်ယွမ်ယဉ်ကျေးမှုအမွေအနှစ်နယ်မြေအား ၂၀၁၃ ခုနှစ်တွင် ပထမဆုံးတူးဖော်ခဲ့သည်။ ယခုနှစ်တွင်လည်း နင်ကျားဒေသဆိုင်ရာ ရှေးဟောင်းသုတေသနအင်စတီကျူက လူ ၄၀ နီးပါးကို ဦးဆောင်၍ ဒေသတွင်း၌ ကျောက်ခေတ်သစ်ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ ပိုမိုလေ့လာမှုပြုလုပ်နိုင်ရန် ဒုတိယအကြိမ်မြောက် တူးဖော်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကျွမ်းကျင်သူများက ချိုင့် ၁၅၁ ခု၊ ဖိုကြီးသုံးဖိုနှင့် လူနေအိမ်ခန်းပါအုတ်ဂူတစ်ဂူနှင့် ဘာသာရေးထုံးတမ်း ဓလေ့အတွက် အသုံးပြုသောမြေအောက်ခန်းပါရှိသည့် အိမ် ၁၁အိမ်ကို ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါမြေအောက်ခန်းပါအိမ်များမှာ ထုံးဖြူရောင်သုတ်ထားသော အလယ်ဗဟို၌ ချက်ပြုတ်ရန်မီးဖိုတစ်လုံးနှင့်အတူ စတုရန်းပုံစံရှိသည်။

**ဆင်ဟွာ။**

# ယခုနှစ်အတွက် မီးခိုးမြူတိမ်များ ကြီးမားစွာ ကျဆင်းမည်ဟု ပေကျင်းတွင် ပထမဆုံးအကြိမ် သတိပေးချက်ထုတ်ပြန်

**ပေကျင်း နိုဝင်ဘာ ၃၀**

တရုတ်နိုင်ငံမြို့တော် ပေကျင်းတွင် ယခုနှစ်အတွင်း မီးခိုးမြူတိမ်များ အထူထပ်ဆုံး ကျဆင်းမည်ဟူသော သတိပေးချက်တစ်ရပ်ကို နိုဝင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်မှာ လွန်ခဲ့သည့် နှစ်ရက်အတွင်းက မီးခိုးမြူတိမ်ကျဆင်းမှုနှင့် ပတ်သက်သည့် အဝါရောင်အဆင့် ဘေးအန္တရာယ်ရှိမှုကို တိုးမြှင့်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း အနီရောင်အဆင့် ဘေးအန္တရာယ်ရှိမှု သတိပေးထုတ်ပြန်မှုကို ဒုတိယအကြိမ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁ ရက်မတိုင်မီ အေးမြသောရာသီမရောက်မီနောက်နှစ်ရက်အတွင်း လေထုစွတ်စိုထိုင်းမှိုင်းမှုအတွက် လိုအပ်ချက်များ ရှိနေခြင်းကြောင့် မီးခိုးမြူတိမ်များ ကြာရှည်စွာ တည်ရှိနေမည်ဟု ပေကျင်းမြို့တော်စည်ပင်သာယာရေးအဖွဲ့ ရာသီဥတုခန့်မှန်းရေးဌာနက ပြောကြားသည်။

နိုဝင်ဘာ ၂၉ ရက်တွင် ခန့်မှန်းချက်များအရ မြို့တော်ပေကျင်းနေရာဒေသအများစု၌ လေထုအတွင်း၌ အမှုန်အမွှားများ ပါဝင်မှုမှာ လေထုတစ်ကုဗမီတာတွင် ၂ ဒသမ ၅ မိုက်ခရွန်အရွယ်အစားရှိသော အမှုန်အမွှား ၂၇၄ မိုက်ခရိုဂရမ် ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။

မြို့တော်အတွင်း လိမ္မော်ရောင်အဆင့်ရှိ လေထုညစ်ညမ်းမည်ဟု သတိပေးချက်ထုတ်ပြန်ပါက စက်မှုလုပ်ငန်းစုတွင်ပါဝင်သည့် စက်ရုံများမှ မီးခိုးမြူများ ထုတ်လုပ်မှုကို ပြန်လည်ပြင်ဆင်လျှော့ချ ထုတ်လွှတ်ခြင်း၊ သို့မဟုတ် လုပ်ငန်းများ ပိတ်သိမ်းခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ အလားတူ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့်ဒေသများမှ လုပ်ငန်းများအတွက် ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ဝန်လေးတင်ယာဉ်များအား လမ်းမများပေါ်၌ မောင်းနှင်နေခြင်းကို ရပ်ဆိုင်းရမည်ဖြစ်သည်။

မြို့တော်ပေကျင်း မြူနီစီပယ်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာစောင့်ကြည့်ရေးအဖွဲ့များက ကျောက်မီးသွေးစွမ်းအင်သုံး စက်ရုံများ၏ ကွင်းပြင်လယ်မီးရှို့ဆောင်ရွက်ရာမှ ဘေးသင့်ဓာတ်ငွေ့များ ထွက်ရှိလာမှုကို စောင့်ကြည့်လျက်ရှိသည်။

**ဆင်ဟွာ။**



# အိုင်အက်စ်သွေးကြွအဖွဲ့က ၁၇ လအတွင်း သတ်ဖြတ်ခဲ့သည့် လူပေါင်း ၃၅၀၀ ကျော်ရှိပြီဖြစ်

**လန်ဒန် နိုဝင်ဘာ ၃၀**

လွန်ခဲ့သည့်နှစ် ဇွန်လမှစပြီး ယခုအချိန်ထိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့က သတ်ဖြတ်ခဲ့သည့်လူပေါင်း ၃၅၀၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က အဆိုပါထုတ်ပြန်ကြေညာချက်ကို နိုဝင်ဘာ ၂၉ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ် ဇွန်လမှစပြီး ၁၇လအတွင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့က လူပေါင်း ၃၅၉၁ ဦးကို သတ်ဖြတ်ခဲ့ပြီးဖြစ်သည်ဟု ယင်းထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတို့အနက် ၉၇၅ ဦးသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား တိုက်ခိုက်ချေမှုန်းနေသည့် ဆီးရီးယားအစိုးရတပ်ဖွဲ့များဖြစ်ပြီး ၁၉၄၅ ဦးသည် အရပ်သားများ၊ ၁၀၃ ဦးသည် အမျိုးသမီးများနှင့် ၇၇ ဦးသည် ကလေးငယ်များဖြစ်ကြသည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရက အိုင်အက်စ်စစ်သွေးကြွ ၄၁၅ ဦးကို ချေမှုန်းနိုင်ခဲ့သည်။ လွန်ခဲ့သည့်နှစ်လအတွင်းတွင် အိုင်အက်စ်စစ်သွေးကြွများ၏ သေဆုံးမှုနှုန်း နှစ်ဆမြင့်တက်ခဲ့ကြောင်း သိရသည်။ ဆီးရီးယားနိုင်ငံတွင် စက်တင်ဘာလမှစပြီး အမေရိကန်ဦးဆောင်သည့် လေကြောင်းစစ်ဆင်ရေးများအပြင် ရုရှားလေကြောင်းတပ်ဖွဲ့များ၏ တိုက်ခိုက်ချေမှုန်းမှုများကြောင့် အိုင်အက်စ်စစ်သွေးကြွများ၏ သေဆုံးမှုနှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အီရန် စွမ်းအင်ကဏ္ဍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်

**တီဟီရန် နိုဝင်ဘာ ၃၀**

စီးပွားရေးဒဏ်ခတ်ခံရမှု ပြီးဆုံးခဲ့ပြီးနောက် အီရန်နိုင်ငံ၏ စွမ်းအင်လုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ရေနံလုပ်ငန်းဆိုင်ရာ ကန်ထရိုက်စနစ်သစ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

စွမ်းအင်လုပ်ငန်းဆိုင်ရာ ကန်ထရိုက်စနစ်သစ်သည် မိမိနိုင်ငံ၏ စွမ်းအင်လုပ်ငန်းတွင် အာရှနှင့် ဥရောပရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်ကြောင်း အီရန်ရေနံလုပ်ငန်းဝန်ကြီး ဘီဂျန်နမ်ဒါး ဇန်ဂါနီက ပြောကြားသည်။

ကန်ထရိုက်စနစ်သစ်အရ လာမည့်နှစ်များအတွင်း အီရန်၏ စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ကို ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

ရေနံစူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းရပ်များ၌ နိုင်ငံခြားကုမ္ပဏီများ ပါဝင်လုပ်ကိုင်နိုင်ကြစေရန် အမျိုးသားရေနံလုပ်ငန်းကုမ္ပဏီက ဖက်စပ်ကုမ္ပဏီများကို ဖွဲ့စည်းထူထောင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

# ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပြည်ပချေးငွေရယူခြင်း၊ ပြည်ပကြွေးမြီအဖြစ်ပေါ်ပေါက်သည့် ပြည်ပသို့ အစိုးရစာချုပ်များ ထုတ်ဝေရောင်းချခြင်းလုပ်ငန်းများ လုပ်ဆောင်ကြပါတယ်

## ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှုအစီရင်ခံစာအပေါ် စီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်းပြီး နိုဝင်ဘာ ၂၄ ရက်က ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

အဆိုပါလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်တွင်းအခွန်များဦးစီးဌာန၏ ခြောက်လပတ်အခွန်ကောက်ခံရရှိမှု နှိုင်းယှဉ်ချက်နှင့် ပြည်ပကြွေးမြီကိစ္စရပ်များကို ပြန်လည်ရှင်းလင်းတင်ပြခဲ့ရာ ၎င်းအနက်မှ **"ပြည်ပကြွေးမြီကိစ္စ"**နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

နိုင်ငံတော်၏ ပြည်တွင်း၊ ပြည်ပကြွေးမြီအခြေအနေနှင့် စပ်လျဉ်း၍ လွှတ်တော်အသီးသီးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက အခါအားလျော်စွာ ရှင်းလင်းတင်ပြလျက်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပြည်ပကြွေးမြီများ တင်ရှိနေကြပါတယ်။ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နည်းအားဖြင့် မိမိနိုင်ငံ အကျိုးဖြစ်ထွန်းမည့်ကိစ္စများ ဆောင်ရွက်နိုင်စေရေးအတွက် ပြည်ပချေးငွေများရယူကြပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများဟာ မိမိရဲ့ဝင်ငွေနဲ့ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပချေးငွေများ ရယူကြပါတယ်။ ဒါ့ကြောင့် ပြည်ပကြွေးမြီများ တင်ရှိကြပါတယ်။ ထို့အတူ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံများမှာလည်း ယင်းတို့အတွက် အကျိုးအမြတ်ရရှိစေမယ့် အစိုးရကထုတ်ဝေတဲ့ စာချုပ်များကို ပြည်တွင်းတွင်သာမက ပြည်ပသို့ပါ ထုတ်ဝေရောင်းချကြသည်ကို တွေ့ရှိရပါတယ်။ Capital Market, Bond Market စတဲ့ ငွေကြေးအရင်းအနှီးဈေးကွက်များကို ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံများမှာ တွေ့နိုင်ပါတယ်။ ဒီလိုဈေးကွက်များကနေ ပြည်ပသို့ ထုတ်ဝေရောင်းချထားတဲ့ အစိုးရကထုတ်ဝေတဲ့ စာချုပ်များအား ဝယ်ယူထားသူက ပြန်လည်ရွေးနုတ်သည့်အခါ ပြန်လည်ထုတ်ပေးကြရမှာ ဖြစ်တဲ့အတွက် ပြည်ပကြွေးမြီစာရင်းအဖြစ် ပေါ်ပေါက်နေမှာဖြစ်ပါတယ်။ သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် တင်ရှိနေသော ပြည်ပကြွေးမြီစာရင်းများကို တွေ့ရှိကြရပါတယ်။

အာဆီယံနိုင်ငံများရဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင်ရှိသော ပြည်ပကြွေးမြီအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

(အမေရိကန်ဒေါ်လာဘီလီယံ)

| စဉ် | နိုင်ငံ | ကြွေးမြီပမာဏ |
|---|---|---|
| ၁ | စင်ကာပူ | ၁၃၃၀. ၀၀၀ |
| ၂ | အင်ဒိုနီးရှား | ၂၇၇. ၀၀၀ |
| ၃ | မလေးရှား | ၂၀၇. ၃၀၀ |
| ၄ | ထိုင်း | ၁၄၀. ၇၀၀ |
| ၅ | ဖိလစ်ပိုင် | ၇၇. ၆၇၀ |
| ၆ | ဗီယက်နမ် | ၆၉. ၇၆၀ |
| ၇ | လာအို | ၉. ၅၅၂ |
| ၈ | ကမ္ဘောဒီးယား | ၇. ၂၂၂ |
| ၉ | ဘရူနိုင်း | ၃. ၆၄၈ |

ဇာစ်မြစ်၊ Central Intelligence Agency, The World Factbook https://www.cia.gov

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံစာရင်းဝင် နိုင်ငံအချို့နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအချို့ရဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်ရှိ ပြည်ပကြွေးမြီအခြေအနေကိုလည်း အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

(အမေရိကန်ဒေါ်လာဘီလီယံ)

| စဉ် | နိုင်ငံ | ကြွေးမြီပမာဏ |
|---|---|---|
| ၁ | ပါကစ္စတန် | ၅၈. ၁၇၀ |
| ၂ | သီရိလင်္ကာ | ၂၅. ၃၉၀ |
| ၃ | ဘင်္ဂလားဒေ့ရှ် | ၂၄. ၄၇၀ |
| ၄ | လာအို | ၉. ၅၅၂ |
| ၅ | ကမ္ဘောဒီးယား | ၇. ၂၂၂ |
| ၆ | နီပေါ | ၃. ၇၂၇ |

ဇာစ်မြစ်၊ https://www.cia.gov

မြန်မာနိုင်ငံရဲ့ ၂၀၁၅ ခုနှစ် ဇွန်လ ၃၀ ရက်ရှိ ပြည်ပကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(အမေရိကန်ဒေါ်လာဘီလီယံ)

| စဉ် | ချေးငွေ | ပမာဏ |
|---|---|---|
| ၁ | ၁၉၈၈ ခုနှစ်မတိုင်မီရယူခဲ့သည့်ချေးငွေ | ၄. ၂၆၆ |
| ၂ | ၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ အထိ စာချုပ်ချုပ်ဆိုခဲ့သည့်ချေးငွေ | ၃. ၃၃၁ |
| ၃ | ၂၀၁၁-၂၀၁၂ နောက်ပိုင်းစာချုပ် ချုပ်ဆိုခဲ့သည့် ချေးငွေ | ၁. ၅၀၂ |
| | **စုစုပေါင်း** | **၉. ၀၉၉** |

မှတ်ချက်။ ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်း/လုပ်ငန်း၏ အကောင်အထည်ဖော်မှုအလိုက် ချေးငွေများ ထုတ်ယူသုံးစွဲခြင်း၊ အရင်းပြန်လည်ပေးဆပ်ခြင်းနှင့် ငွေလဲလှယ်နှုန်းပြောင်းလဲခြင်းတို့ကြောင့် ပြည်ပကြွေးမြီစာရင်းပမာဏ ပြောင်းလဲမှုရှိပါသည်။

သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် ဇွန်လ ၃၀ ရက်ရှိ မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၉၉ ဘီလီယံခန့် ရှိနေပါတယ်။ နိုင်ငံတော်အနေနဲ့ ဘက်စုံကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရရဲ့ ရငွေ/ဝင်ငွေ သက်သက်ဖြင့် ဆောင်ရွက်ရန် လုံလောက်မှုမရှိခြင်းကြောင့် ပြည်ပချေးငွေ/ထောက်ပံ့ငွေများကို စိစစ်သုံးသပ်ရယူကာ ဆောင်ရွက်ကြရပါတယ်။ သို့ဖြစ်ရာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုမျိုး မဟုတ်သော်လည်း လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်၊ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်တို့ကို ဖြည့်ဆည်းနိုင်ရေးအတွက် လုပ်ငန်းစီမံကိန်းများ၊ ဥပမာ-ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေး၊ လျှပ်စစ် စသည်တို့အတွက် အတိုးနှုန်းသက်သာသော ချေးငွေ၊ ထောက်ပံ့ငွေများ ရယူဆောင်ရွက်ပါတယ်။ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမယ့် စီမံကိန်းများ၊ ဥပမာ- စွမ်းအင်၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေး စသည်တို့အတွက် လုပ်ငန်းပြန်ရချက်၊ အရင်းကျေကာလ စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး အတိုးနှုန်းသက်သာတဲ့ ချေးငွေများကို ဦးစားပေးရယူခြင်း၊ ၎င်းချေးငွေများမရနိုင်တဲ့အခါ ပြန်ရချက်ကောင်းမွန်မှုနှင့် စီးပွားရေးတွက်ချေကိုက်မှုအနေအထားများကို စဉ်းစားသုံးသပ်ပြီး အတိုးနှုန်းသင့်တင့်မျှတသော ချေးငွေများရယူရန် ဆောင်ရွက်ကြရပါတယ်။ ၂၀၁၁ ခုနှစ်မှ စတင်တာဝန်ယူဆောင်ရွက်တဲ့ ယခုအစိုးရလက်ထက်မှာ ယခင်ခေတ်အဆက်ဆက် တင်ရှိနေသော နိုင်ငံတော်၏ ပြည်ပကြွေးမြီများ ရှင်းလင်းပေးဆပ်ခြင်းလုပ်ငန်းစဉ်ကို စနစ်တကျဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေက မြန်မာနိုင်ငံကို ပြန်လည်အသိအမှတ်ပြုခြင်းနဲ့ ချေးငွေနှင့် အထောက်အပံ့ပေးခြင်းများ ပြန်လည်ဆောင်ရွက်လာကြပါတယ်။

၂၀၁၁ ခုနှစ် နောက်ပိုင်းမှာယူခဲ့တဲ့ ပြည်ပချေးငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားဆက်စပ်တဲ့ဥပဒေများနဲ့အညီ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက် ရယူကြရပါတယ်။ ချေးငွေရယူမယ့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ချေးငွေရယူနိုင်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ/ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ခြင်း၊ ပြည်ထောင်စုလွှတ်တော်တွင် စိစစ်အတည်ပြုချက်ရယူခြင်း စတဲ့လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြရပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက် ရရှိပြီးတဲ့နောက် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ချေးငွေရယူမယ့်သူနဲ့ ချေးငွေပေးမယ့်သူအကြား ချေးငွေဆိုင်ရာညှိနှိုင်းဆွေးနွေးမှုများ အပြန်အလှန်ညှိနှိုင်း ဆွေးနွေးပြီးမှသာလျှင် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုကြရပါတယ်။ ရယူတဲ့ချေးငွေပမာဏအားလုံးကို တစ်ကြိမ်တည်းထုတ်ယူသုံးစွဲခြင်းမဟုတ်ဘဲ စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ လုပ်ငန်းအကောင်အထည်ဖော်မှုအပေါ်မူတည်၍ ချေးငွေထုတ်ယူသုံးစွဲကြတာ ဖြစ်ပါတယ်။

ချေးငွေရယူမှုအတွက် ချေးငွေအမျိုးအစား၊ အတိုးနှုန်း၊ ချေးငွေသက်တမ်း စတဲ့ အကြောင်းအချက်များကို ထည့်သွင်းတွက်ချက်ရသကဲ့သို့ ယင်းချေးငွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် အခြေအနေကိုလည်း စဉ်းစားသုံးသပ်ကြရပါတယ်။ ထို့အတူ ချေးငွေအတွက် ပေးဆပ်ရမယ့်အတိုးနဲ့ သက်တမ်းအလိုက် ပြန်လည်ပေးချေရမယ့် အရင်းပမာဏကိုလည်း သေချာစွာတွက်ချက်ကြရပါတယ်။ ထို့အတူ နိုင်ငံရဲ့ ကြွေးမြီချေးယူမှုခံနိုင်ရည်ဆန်းစစ်ခြင်းကိုလည်း ဆောင်ရွက်ကြရန် လိုအပ်ပါတယ်။


ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

ကြွေးမြီစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်တင်ပြလိုပါတယ်။

နိုင်ငံတော်ရဲ့ ပြည်တွင်း/ပြည်ပကြွေးမြီစီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှာ ငွေတိုက်ဦးစီးဌာနကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ငွေတိုက်ဦးစီးဌာနအောက်မှာ ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲအား ဖွဲ့စည်းထားရှိပြီး နိုင်ငံတကာအဆင့်မီ ကြွေးမြီစီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အကူအညီနဲ့ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကြွေးမြီမှတ်တမ်းတင်မှုနဲ့ စီမံခန့်ခွဲမှုစနစ်တိုးတက်ဖွံ့ဖြိုးရန်၊ ပြည်သူ့ကြွေးမြီဆိုင်ရာဥပဒေနှင့် ဖွဲ့စည်းမှုမူဘောင်သတ်မှတ်ပြဋ္ဌာန်းရန်၊ ကြွေးမြီစီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြှင့်တင်ရန်နဲ့ ဝန်ထမ်းများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်တို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များရဲ့ အကူအညီရယူ၍ လည်းကောင်း၊ ပြည်တွင်းပြည်ပသင်တန်းများနဲ့ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်းဖြင့် လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ(မူကြမ်း)ကို ရေးဆွဲပြုစုပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်ရယူရန် တင်ပြထားပြီးဖြစ်ပါတယ်။ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ(Medium Term Debt Management Strategy)ချမှတ်ခြင်း၊ ငွေချေးယူမှုအစီအစဉ်(Borrowing Plan)ရေးဆွဲခြင်းတို့ကိုလည်း အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်ပညာရှင်အကူအညီနဲ့ စတင်ဆောင်ရွက်နေပြီး မြန်မာနိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှုလေ့လာသုံးသပ်ချက်(Debt Sustainability Analysis)ကိုလည်း ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တို့ရဲ့ အကူအညီနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ပြည်ပချေးငွေစာချုပ်များအား ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံတော်ကိုယ်စား လက်မှတ်ရေးထိုးခြင်းနဲ့ နိုင်ငံတော်အာမခံချက် ထုတ်ပေးခြင်းတို့ ဆောင်ရွက်ရသည်ဖြစ်ရာ ယခုအခါ ၂၀၁၁-၂၀၁၂ နောက်ပိုင်း ချုပ်ဆိုခဲ့သည့် ပြည်ပချေးငွေစာချုပ်များအတွက် ချေးငွေရယူသုံးစွဲသည့် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန တို့အကြား ထပ်ဆင့်သဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊ ဝန်ကြီးဌာနများအလိုက် ခေတ်အဆက်ဆက် ရယူထားသော ပြည်ပချေးငွေစာရင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများက အတည်ပြုလက်မှတ်ရေးထိုးခြင်းများကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း ဝန်ကြီးဌာနအလိုက် ပြည်ပချေးငွေအခြေအနေများအား သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ တိုက်ဆိုင်စစ်ဆေး အတည်ပြုခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်ရယူထားတဲ့ ပြည်ပချေးငွေအခြေအနေ မှတ်တမ်းတင်ထားရှိမှုနဲ့ ချေးငွေစာချုပ်ပါ စည်းကမ်းများအား လိုက်နာဆောင်ရွက်မှုအားကောင်းလာစေဖို့ ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။

အချုပ်အားဖြင့် တင်ပြရပါလျှင် ကမ္ဘာ့နိုင်ငံတိုင်းဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပြည်ပချေးငွေရယူခြင်း၊ ပြည်ပကြွေးမြီအဖြစ် ပေါ်ပေါက်တဲ့ ပြည်ပသို့အစိုးရစာချုပ်များ ထုတ်ဝေရောင်းချခြင်းလုပ်ငန်းများ လုပ်ဆောင်ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပချေးငွေများ စိစစ်ရယူခြင်း၊ ကြွေးမြီစီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိပါတယ်။ ရယူထားတဲ့ ပြည်ပချေးငွေအများစုဟာ တစ်လုံးတစ်ခဲတည်း အားလုံးရရှိခြင်း မဟုတ်ဘဲ စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ လုပ်ငန်းအကောင်အထည်ဖော်မှုအပေါ်မူတည်ပြီး ချေးငွေထုတ်ယူရရှိသုံးစွဲနေခြင်း ဖြစ်ပါတယ်။ ယခုလက်ရှိအနေအထားမှာ IMF, World Bank တို့၏ မြန်မာနိုင်ငံရဲ့ ကြွေးမြီခံနိုင်ရည်ဆန်းစစ်ချက်အရ သင့်တင့်တဲ့ ကြွေးမြီရယူထားတဲ့ အခြေအနေမှာရှိကြောင်း တွေ့ရှိရပါတယ်။ အဓိကအကျဆုံး အရေးကြီးဆုံးအချက်မှာ ပြည်ပချေးငွေရယူဆောင်ရွက်တဲ့ လုပ်ငန်းစီမံကိန်းများကို ရည်မှန်းချက်အတိုင်း အပြည့်အဝအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးပဲ ဖြစ်ပါတယ်။ သို့ဖြစ်ရာ စနစ်တကျစိစစ်ကြပ်မတ်စစ်ဆေးမှုများ လုပ်ဆောင်သွားကြရန် လိုအပ်ပါတယ်။


ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က ရယူထားတဲ့ ပြည်ပကြွေးမြီများကို စနစ်တကျမှတ်တမ်းတင်ခြင်း၊ ကြွေးမြီဆိုင်ရာလေ့လာဆန်းစစ်ခြင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းခြင်းနဲ့ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# စုပေါင်းတိုက်ဖျက် AIDS

တင်မောင်ဦး
(အလုံ)

လူတိုင်းအတွက် ကျန်းမာရေးသည် အရေးအကြီးဆုံးဖြစ်သည်။ မကျန်းမာပါက မချမ်းသာနိုင်ပေ။ ကျန်းမာမှ ချမ်းသာနိုင်ပေမည်။ ကျန်းမာခြင်းဆုံးရှုံးပါက လူ့ဘဝ၏အောင်မြင်မှု သုခချမ်းသာသည် လက်လွတ်သွားပေမည်။ ထို့ကြောင့် လူသားတိုင်း ကျန်းမာရေးကိုတန်ဖိုးထားပြီး ဗဟုသုတရှိရန်လိုပေသည်။

ကမ္ဘာတစ်ဝန်းတွင် လူသားတို့အားခြိမ်းခြောက်လျက်ရှိသော ရောဂါပေါင်းမြောက်မြားစွာရှိပေရာ AIDS ရောဂါခေါ် ခုခံအားကျဆင်းမှုကူးစက်ရောဂါသည် ကြောက်စရာအကောင်းဆုံးဖြစ်ပေသည်။ နိုင်ငံတိုင်း ထိုရောဂါ၏ခြိမ်းခြောက်မှုကို ခံစားနေကြရပါသည်။ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင် လူဦးရေ သန်းနှင့်ချီပြီး ဖြစ်ပွားကူးစက်ခံနေရပါသည်။ ထိုရောဂါသည် လူတို့၏ကိုယ်ခန္ဓာအတွင်းမှ အခြားရောဂါများ ခုခံနိုင်သည့်စွမ်းအားကို ဖျက်ဆီးပစ်သည့်ရောဂါဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်ထိ ထိုရောဂါကို မည်သို့ကုသရမည်ကို မသိရှိသေးပါ။




ခုခံအားကျဆင်းမှုကူးစက်ရောဂါသည် ကုသ၍မရသောရောဂါဖြစ်ပေသည်။ ယင်းရောဂါသည် လိင်ဆက်ဆံရာမှသော်လည်းကောင်း၊ ရောဂါပိုးပါသောသွေးမှသော်လည်းကောင်း ကူးစက်နိုင်ပေရာ အထူးသတိထားရန် လိုအပ်ပေသည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသောရောဂါဖြစ်ပြီး ပုဂ္ဂိုလ်တစ်ဦးမှ အခြားတစ်ဦးသို့ ကူးစက်ပြန့်ပွားသွားနိုင်ပါသည်။ ကူးစက်ပြန့်ပွားနိုင်သောနည်းလမ်းများမှာ ရောဂါပိုးရှိသူ၏ သွေး(သို့)သုက်သွေး (သို့) အမျိုးသမီးအင်္ဂါမှ ထွက်သောအရည်များသည် အခြားပုဂ္ဂိုလ်များ၏ခန္ဓာကိုယ်အတွင်း ဝင်ရောက်သွားခြင်းအားဖြင့် ကူးစက်နိုင်ပါသည်။ ထိုရောဂါသည် လိင်ဆက်ဆံရာမှ အများဆုံးကူးစက်နိုင်ပြီး ယောကျ်ားမှယောကျ်ား၊ ယောကျ်ားမှမိန်းမနှင့် မိန်းမမှယောကျ်ားသို့ ကူးစက်ပြန့်ပွားသောရောဂါဖြစ်ပါသည်။

ဆေးထိုးခြင်းဖြင့်လည်း ထိုရောဂါကူးစက်နိုင်ပါသည်။ ကောင်းစွာပြုတ်၍ပိုးသတ်မထားသော ဆေးထိုးအပ်၊ ဆေးထိုးပိုက်တစ်ခုတည်းဖြင့် လူအများခွဲဝေဆေးထိုးလျှင် ရောဂါကူးစက်ပြန့်ပွားသွားနိုင်သလို သေချာစွာစစ်ဆေးမထားသော သွေးသွင်းကုသမှုပြုလုပ်လျှင်လည်း ရောဂါကူးစက်နိုင်ပြီး ရောဂါရှင် အမျိုးသမီးမှတစ်ဆင့် သူ၏သန္ဓေသား သို့မဟုတ် မွေးကင်းစကလေးသို့လည်း ကူးစက်နိုင်ပါသည်။

မူးယစ်ဆေးကို သွေးကြောတွင်းသို့ထိုးသွင်းမှုကြောင့်လည်း ဖြစ်ပေါ်နိုင်ပေရာ လူငယ်လူရွယ်တိုင်း သတိပြုရှောင်ရှားသင့်ပေသည်။ မလိုလားအပ်သောပျော်ပါးမှု၊ စွန့်စားစမ်းသပ်မှုများကို မိမိကိုယ်ကို တန်ဖိုးထားလျှင် ရှောင်ရှားသင့်ပေသည်။ ဆံပင်ညှပ်ဆိုင်များ၊ အလှပြင်ဆိုင်များတွင်လည်း မသန့်ရှင်းသောဓားကိုမသုံးဘဲ တစ်ခါသုံးဓားများကိုသာ သုံးစွဲသင့်ပေသည်။ ထိုသို့မပြုလုပ်ဘဲ အမှုမဲ့သုံးစွဲမိပါက ခုခံအားကျဆင်းမှုရောဂါ ဖြစ်ပေါ်နိုင်ပေသည်။

အရွယ်ရောက်သောယောကျ်ားလေး၊ မိန်းကလေးများသည် သွေးသားဆန္ဒကို အလိုမလိုက်သင့်ပေ။ မိမိတို့၏ဣန္ဒြေသိက္ခာများကို စောင့်စည်းအပ်ပေသည်။ သို့မဟုတ်ဘဲ အဆင်ခြင်ကင်းမဲ့စွာ သွေးသားနှီးနှောမိပါက ခုခံအားကျဆင်းမှုရှိသူ၏သွေးမှတစ်ဆင့် ကံဆိုးဖွယ်ကူးစက်နိုင်ပေသည်။ မလွှဲမရှောင်သာသော အခြေအနေမျိုးဖြစ်ခဲ့လျှင်လည်း နှစ်ဦးနှစ်ဖက်လုံးတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါဗိုင်းရပ်(စ်)ပိုး မရှိမှသာ စိတ်ချလက်ချ ဆက်ဆံသင့်ပေသည်။ နှစ်ဦးစလုံးသည် အချင်းချင်း ရိုးသားပွင့်လင်းမှုရှိရန် လိုအပ်ပြီး မိမိတို့ကိုယ်ကို စိတ်မချပါက လိင်ဆက်ဆံရာတွင် ရော်ဘာအစွပ်ကိုသာ သုံးစွဲသင့်ပေသည်။ အရွယ်ရောက်ပြီးအမျိုးသမီးများသည် လက်မထပ်မီအပျိုစင်ဘဝကို တန်ဖိုးထားထိန်းသိမ်းပါ။ မိမိဘဝအတွက် ဘဝအဖော်မွန်ရွေးချယ်ရာတွင် AIDS ရောဂါကူးစက်ခံရနိုင်သည့်အပြုအမူရှိသူကို မရွေးချယ်မိအောင် သတိထားပြီး အိမ်ထောင်မပြုမီ မိမိရွေးချယ်ထားသူအား ပွင့်ပွင့်လင်းလင်း အပြုသဘောဖြင့် ဆွေးနွေးရန်လိုအပ်ပြီး အိမ်ထောင်ရှင်အမျိုးသမီးများသည်လည်း မိမိခင်ပွန်းနှင့် ပွင့်ပွင့်လင်းလင်းအပြုသဘောဖြင့် ဆွေးနွေးပြီး AIDS ရောဂါမကူးစက်အောင် နှစ်ဦးစလုံး သစ္စာရှိရှိ အိမ်ထောင်ပျော်ရွှင်ချမ်းမြေ့အောင်ဖန်တီး၍ နေထိုင်ပါ။ မိမိခင်ပွန်းသည် အိမ်ထောင်ပြင်ပတွင် လိင်ဆက်ဆံမှုရှိသည်ဟု သံသယရှိလျှင် ခင်ပွန်းသည်နှင့်ဆွေးနွေး၍ ကွန်ဒုံးအသုံးပြုရန် စည်းရုံးပြီးနေထိုင်ပါ။ သို့မှသာ ခုခံအားကျဆင်းမှုကူးစက်ရောဂါဘေးမှ ကင်းဝေးနိုင်ပေမည်။

ကျန်းမာရေးတွင် သတိသည် အလွန်အရေးကြီးသောကြောင့် မိမိကျန်းမာရေးကိုသာ ထိန်းသိမ်းသင့်ပေသည်။ မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လိုက်နာကျင့်သုံးခြင်းဖြင့် AIDS ရောဂါဘေးဆိုးမှ ကင်းဝေးနိုင်ပေမည်။ ရောဂါဝေဒနာရှင်များကိုလည်း ထိတ်လန့်မှုကင်းစွာဖြင့် တန်းတူညီမျှစာနာမှုအပြည့်ဖြင့် ဆက်ဆံသွားရန်လည်း အရေးကြီးပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် လူသားမျိုးနွယ်များအားလုံး ကြောက်စရာအကောင်းဆုံး ကုရာနတ္ထိ ဆေးမရှိဆိုသော ရောဂါဆိုးကြီးဘေးမှ ကင်းဝေးရန် လူသားတိုင်းသတိကြီးစွာဖြင့် ကျန်းမာရေးပညာပေးမှုအတိုင်း ရှောင်ရန်ဆောင်ရန်များကို မှတ်သားလိုက်နာပြီး လှုံ့ဆော်စည်းရုံးမှုများပြုလုပ်လျှင် လူထုကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်နိုင်ပြီး AIDS ရောဂါအား စုပေါင်းတိုက်ဖျက်ကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

**❖ နှစ်သိမ့်ဆွေးနွေးမှုမှ**

အိမ်ထောင်ဖြင့်ရသည့် အသက် (၂၁)နှစ်အရွယ် သမီးလေးတစ်ယောက်ရှိပြီး ဂေဟာရောက်ရှိချိန်မှ စတင်၍ ယနေ့အချိန်အထိ လာရောက်တွေ့ဆုံခြင်းမရှိကြောင်း ပြောကြားသည်။ "သမီးက တစ်ခေါက်မှ လာမတွေ့ဘူး။ ဒါပေမယ့် ဖုန်းနဲ့တော့စကားပြောတဲ့အတွက် တော်သေးတာပေါ့" ဟု ၎င်းက ပြောသည်။

ထိုဂေဟာတွင် ဒေါ်ချိုလိုပင် မိသားစုက လက်မခံသည့် HIV/AIDS ရောဂါဝေဒနာရှင်ပေါင်း ၃၀၀ ရှိနေသေးသည်။ ရောဂါကုသမှုခံယူရမည့်လူအားလုံး၏ သုံးပုံတစ်ပုံသာ ဆေးဝါးကုသမှုရရှိခဲ့သည့် လွန်ခဲ့သောနှစ်များကနှင့်စာလျှင် မြန်မာနိုင်ငံ၏ HIV/AIDS ရောဂါဝေဒနာရှင်များ၏ ဂရုစိုက်ခံရမှုအခြေအနေမှာ အထူးတိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်က HIV/AIDS ဝေဒနာရှင်ပေါင်း ၂၁၀၀၀၀ ခန့်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ လမ်းညွှန်ချက်များနှင့်အညီ ART ဆေးသောက်သုံးရန် လိုအပ်နေသူ HIV ပိုးရှိသူအရေအတွက် ၁၆၀၀၀၀ ဝန်းကျင်ခန့်ရှိကြောင်း MSF ခေါ် နယ်စည်းမခြားဆရာဝန်များအဖွဲ့ (Medecins Sans Frontieres) ၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံ၏ ART ဆေးဝါးလိုအပ်ချက်များကို နှစ်ရှည်လများထောက်ပံ့လာခဲ့သည့် MSF က ဆေးဝါးထောက်ပံ့နေသူပေါင်း ရန်ကုန်မြို့တစ်မြို့စာအတွက် ယခုနှစ်အတွင်း ၁၇၀၀၀ ဝန်းကျင်ရှိပြီး ART ဆေးမသောက်သုံးရသေးသည့် လူနာပေါင်း ၅၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ ယခုတိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရှိ အစိုးရဆေးရုံအများစုတွင် ART/ARV ဆေးထုတ်ယူနိုင်ပြီဖြစ်ကြောင်း MSF မှ ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာစိုးရတနာက ပြောသည်။ ဒီဇင်ဘာ ၁ ရက်ရောက်တိုင်း ကမ္ဘာတစ်ဝန်းတွင် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါနေ့ကို ကျင်းပကြသော်လည်း၊ ထိုရောဂါနှင့်ပတ်သက်၍ အဖွဲ့အစည်းများအနေဖြင့် ပညာပေးအစီအစဉ်များ ပြုလုပ်နေသော်လည်း ယနေ့အချိန်ထိ လူ့ပတ်ဝန်းကျင်တွင် ခွဲခြားဆက်ဆံမှုများရှိနေဆဲဖြစ်သည်။ HIV ပိုးရှိသူသည် အလိုလိုလူရာမဝင်ဆံ့ဖြစ်နေဆဲဖြစ်သည်။ နှစ်ပေါင်းများစွာကြာအောင်ပင် စီမံခန့်ခွဲမှုအလွဲများကြောင့် ဆိုးရွားခဲ့ရသည့်ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ်လုံးကိုသာ ပြုပြင်ပြောင်းလဲရေးမဟုတ်ဘဲ အသိမှားယွင်းခြင်းနှင့် ရှေးရိုးစွဲအယူအဆများကျန်ရှိသေးခြင်းတို့ကြောင့်ဖြစ်လာသည့် ရောဂါသည်များအပေါ် ခွဲခြားဆက်ဆံလိုသည့် စိတ်များကိုပါ တိုက်ဖျက်ရမည့်တာဝန်ကြီးတစ်ရပ်က အစိုးရအတွက်အလွန်ကြီးမားလှသည့် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နေထိုင်သည့် အသက် (၄၈) နှစ်အရွယ် ဒေါ်စိန်မြင့်တို့သားအမိနှစ်ဦးလည်း HIV ရောဂါဖြစ်ပွားနေသည်ကို သိရှိချိန်မှစတင်၍ ပတ်ဝန်းကျင်၏ ပစ်ပယ်ခြင်းဒဏ်ကိုခံခဲ့ရသည်။ "ဒီရောဂါဖြစ်တဲ့ အချိန်ကစပြီး ရွာထဲက ဘယ်အိမ်ကမှ နေ့စားလုပ်ဖို့ မခေါ်တော့ဘူး"ဟု ဒေါ်စိန်မြင့်က ပြောသည်။ ရောဂါဖြစ်ပွားနေသည်မှာ သုံးနှစ်ဝန်းကျင်ခန့်ရှိပြီး သားအမိနှစ်ဦးအနေဖြင့် မိမိခြံထဲတွင်သာ သီးနှံပင်များကို စိုက်ပျိုးစားသောက်နေရကြောင်း ရှင်းပြသည်။ "အလုပ်မရှိတော့ ပိုက်ဆံမရှိဘူးလေ။ တစ်ခါတလေ စားရေးသောက်ရေး အရမ်းအခက်အခဲဖြစ်တာပဲ" ဟု ၎င်းက ပြောသည်။ ၎င်း၏ အသက်ငါးနှစ်အရွယ် သားဖြစ်သူ မောင်လင်းသူမှာလည်း ရောဂါပိုးကူးစက်ခံထားရပြီး ပတ်ဝန်းကျင်တွင် ခွဲခြားဆက်ဆံမှုများနှင့် ရင်ဆိုင်နေရသူဖြစ်သည်။ ဒေါ်ချိုကဲ့သို့ပင် ဒေါ်စိန်မြင့်သည်လည်း အမျိုးသားသေဆုံးပြီးနောက်ပိုင်းမှ ရောဂါပိုးကူးစက်ခံထားရမှန်း သိရှိခဲ့သည်။ သားအမိနှစ်ယောက်စလုံး ကိုယ်ခံအားကျဆင်းသည့် လက္ခဏာများဆက်တိုက်တွေ့လာပြီး ကျန်းမာရေး ချူချာလာခြင်းကြောင့် မိတ်ဆွေတစ်ဦးက HIV/AIDS ကူးစက်မှုကာကွယ်တားဆီးရေး လုပ်ငန်းများလုပ်နေသည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုသို့ ခေါ်ဆောင်ပေးသွားခြင်းကြောင့် ယင်းရောဂါဖြစ်ပွားသည်ကို သိရှိခဲ့ရခြင်းဖြစ်သည်။

သားဖြစ်သူမှာ ရောဂါဖြစ်ပွားနေခြင်းကြောင့် ဆေးသောက်ရကြောင်းကိုသာသိရှိကာ ယင်းရောဂါ၏ အဓိပ္ပာယ်ကို တိတိကျကျမသိရှိသေးဟု ဒေါ်စိန်မြင့်က ပြောသည်။ "ကျွန်မဘယ်သွားသွား သားကို ခေါ်သွားရတယ်။ ဘာကြောင့်လဲဆိုတော့သားက ကိုယ့်ဘာသာသတိထားပြီး ဆေးကို မသောက်တတ်သေးဘူးလေ။ အချိန်တွေမှားသောက်မိရင် ရောဂါတိုးမှာကို စိတ်ပူတယ်။ ဒါကြောင့် ကိုယ့်ကျန်းမာရေးရော ကလေးကျန်းမာရေးကိုပါ စောင့်ရှောက်နေရပါတယ်"ဟု ၎င်းကပြောသည်။ "ရောဂါမပြင်းထန်ဖို့အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ခုခုဖြစ်ရင် ကျွန်မတို့သားအမိနှစ်ယောက်ကို စောင့်ရှောက်မယ့်သူမရှိဘူး"ဟု ၎င်းက ဖြည့်စွက်ပြောသည်။ "သူငယ်ချင်းတွေက သူတို့ကစားရင် သားကိုမပါခိုင်းဘူး။ သားပါမယ်ဆိုရင် ဆက်မကစားကြတော့ဘူး"ဟု ယခုသူငယ်တန်းတက်ရောက်နေပြီဖြစ်သည့် မောင်လင်းသူက လက်ထဲတွင်ကိုင်ထားသည့် ပေါင်မုန့်အလွတ်ကိုစားရင်း ပြောသည်။ ရွာတွင် အလှူပွဲများပြုလုပ်ပါကလည်း အခြားသူများမှာ မိမိတို့သားအမိနှင့် တစ်ဝိုင်းတည်းထိုင်ကာ မစားသောက်ကြောင်း၊ ၎င်းတို့သားအမိလာပါက ထထွက်သွားကြကြောင်း ဒေါ်စိန်မြင့်ကပြောပြသည်။ HIV/AIDS ပိုးရှိသူ ရောဂါရှင်များအပေါ် ခွဲခြားဆက်ဆံကြခြင်းမှာ မိသားစုဝင်များက ငွေကြေးမပြည့်စုံခြင်း၊ အိမ်တွင် လူနာကို စောင့်ရှောက်မည့်လူပိုမရှိခြင်း၊ HIV/AIDS ရောဂါနှင့်ပတ်သက်၍ ဗဟုသုတမကြွယ်ဝခြင်း စသည့်အချက်များကြောင့်ဖြစ်ကြောင်း MSF မှ ဒေါက်တာစိုးရတနာက ပြောသည်။ "လူနာက ပုံမှန်နေကောင်းနေရင် ပြဿနာမရှိဘူး။ နေမကောင်းဖြစ်နေတဲ့အချိန်မှ လူနာကို စောင့်ရှောက်တဲ့သူက ဆုံးပါးသွားတယ်ဆိုရင် အခြားလူတွေက မစောင့်ရှောက်ချင်တော့တာ တွေ့ရတာများတယ်"ဟု ပြောပြသည်။

ART ဆေးဝါးရရှိမှုအပိုင်းတွင် ယခင်ကထက် ပိုမိုတိုးတက်ကောင်းမွန်လာပြီဖြစ်သော်လည်း ရောဂါကုသမှုပေးရာတွင် ဝန်ထမ်းအင်အား၊ အထူးသဖြင့် ဆရာဝန်အင်အားမလုံလောက်မှုကြောင့် အခက်ကြုံနေရဆဲဖြစ်သည်ဟု ၎င်းက ပြောသည်။ "ဝန်ထမ်းအင်အားနဲ့ လူနာနဲ့ မမျှတဲ့အခါကျတော့ ဆေးခန်းပြတဲ့ရက်ဆို အချိန်တစ်နေကုန်ပေးရတာမျိုးတွေဖြစ်တတ်တယ်။ ဆရာဝန်အင်အားနည်းတဲ့အခါကျတော့ လူနာတွေက သူတို့ရောဂါအခြေအနေကို အသေးစိတ်ပြောပြလို့မရဘူး။ ဆရာဝန်ကလည်း လူနာတွေက အရမ်းများတော့ တစ်ယောက်ချင်းကို သေသေချာချာဂရုမစိုက်နိုင်ဘူး။

"HIV လူနာက အမြဲလိုလို အားငယ်နေတတ်တယ်။ ဒါကြောင့် သူတို့ကို အားပေးနှစ်သိမ့်ပေးမယ့် ဆရာဝန်အင်အားနဲ့ သူနာပြုအင်အားက အလုံအလောက်ရှိဖို့လိုတယ်။ ဒီလိုရှိမှလည်း လူနာတစ်ဦးချင်းစီရဲ့လိုအပ်ချက်တွေကို အားပေးနှစ်သိမ့် နိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။ ရောဂါဖြစ်ပွားသည့်အချိန်မှစ၍ ဒေါ်ချိုသည် ကျန်းမာရေးကို ယခင်ထက် ပိုမိုဂရုစိုက်ပြီး အစားအသောက် အနေအထိုင်တို့ကို ဂရုစိုက်ကာ ART ဆေးကိုလည်း ပုံမှန်သောက်သုံးလျက်ရှိသည်။ သို့သော်လည်း ရောဂါရှိလျက်နှင့် ၎င်းကို ၎င်း၏ သမီးနှင့် ညီအစ်ကိုမောင်နှမများက တစ်ဖန်ပြန်လက်ခံပါ့မလားဟူ၍ မျှော်လင့်ချင်သည့် အရိပ်အယောင်ကို မတွေ့ရပါ။ "ကျွန်မဒီရောဂါဖြစ်နေတော့ သမီးက သူအိမ်ထောင်ပြုရင် ခင်ပွန်းသည်က အပြစ်တစ်ခုအနေနဲ့ ပြောဆိုမှာကို ကြောက်နေတယ်။ ဒါကြောင့် ကျွန်မဘဝရဲ့ ကျန်ရှိနေတဲ့အချိန်တွေကို ဒီဂေဟာမှာပဲ ကုန်ဆုံးတော့မယ်"ဟု ဒေါ်ချိုက ပြောသည်။

**(ယခုဆောင်းပါးအတွက် တွေ့ဆုံမေးမြန်းထားသူ ရောဂါပိုးရှိသူများ၏ ဂုဏ်သိက္ခာကို ငဲ့ကွက်သောအားဖြင့် ၎င်းတို့အားလုံး၏ အမည်ရင်းအစား တခြားနာမည်များဖြင့် လွှဲပြောင်းဖော်ပြထားပါသည်။)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပင်လယ်ပြင်အတွင်း တရားမဝင်ငါးဖမ်းဆီးမှုများနှင့် ပင်လယ်ဖြတ်ကျော် ရာဇဝတ်မှု(မူးယစ်ဆေးဝါး)များကို စစ်ဆေးကာကွယ်တားဆီးနိုင်ရန် ရေကြောင်းရဲတပ်ဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမမြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီကကျင်းပရာ မေးခွန်း(၃)ခုမေးမြန်းခြင်း၊ အစီရင်ခံစာ(၂)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း(၄)ခု လက်ခံရရှိကြောင်းကြေညာခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီက **အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးသည့် မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းဥပဒေ(မူကြမ်း)ပေါ်တွင် မည်သည့်ဥပဒေ၊ နည်းဥပဒေများကိုအခြေခံ၍ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မည်သို့လုပ်ကိုင်ခွင့်ပြုနေသည်ကို သိလိုခြင်း**အား မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက မြန်မာ့ပင်လယ်ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေယာဉ်များ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေစည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိကို စစ်ဆေးကြပ်မတ်နိုင်ရေးအတွက် တပ်မတော်မှ စစ်ဆေးရေးမှူးတာဝန်ပေးအပ်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်တာဝန်ပေးအပ်ထားပြီး ပင်လယ်ပြင်အတွင်း တရားမဝင်ငါးဖမ်းဆီးမှုများနှင့် ပင်လယ်ဖြတ်ကျော် ရာဇဝတ်မှု(မူးယစ်ဆေးဝါး)များကို စစ်ဆေးကာကွယ်တားဆီးနိုင်ရန် ရေကြောင်းရဲတပ်ဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းရန် ဆောင်ရွက်လျက်ရှိပြီး ဥပဒေမူကြမ်းအား ရေးဆွဲပြီးဖြစ်ပါကြောင်း၊ အဆိုပါမူကြမ်းအား လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီနှင့် ပြည်သူ့လွှတ်တော်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိမြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များ သတ်မှတ်စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားမဝင်ငါးဖမ်းဆီးမှုများအပေါ် တည်ဆဲမြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေဖြင့်သာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဦးခင်မောင်အေး



ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ။

နိုင်ငံသားရေလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်ပညာရှင် ရေလုပ်သားများ ငှားရမ်းလုပ်ကိုင်ခွင့်ပြုပါရန် တင်ပြလာပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ သဘောထားတောင်းခံခြင်းအပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ရယူပြီး ငါးဖမ်းရာသီ တစ်ရာသီသာ စမ်းသပ်ခန့်ထားခွင့်ပြုခြင်းဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်က **ဘီးလင်းမြို့နယ်အတွင်းရှိ မုသင်ကျေးရွာ၊ လိပ်ခုံးကျေးရွာ၊ ညောင်ပလ္လင်ကျေးရွာအုပ်စုများရှိ စိုက်ပျိုးမြေများအား ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရေးအတွက် ကမ်းပတ်တမံများ အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးမြန်းရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဘီးလင်းမြစ်သည် ပင်လယ်နှင့်ဆက်စပ်နေပြီး ဒီရေအတက်အကျရှိ၍ ဘီးလင်းမြစ်ကမ်းပတ်တာအား ဘီးလင်းမြို့နယ် မုသင်ကျေးရွာမှ ရွှေလှေကျေးရွာအထိ အလျား(၁၃ ဒသမ ၆)မိုင် တည်ဆောက်ပေးရမည်ဖြစ်ပြီး အဆိုပါကမ်းပတ်တာတစ်လျှောက်ရှိ ရေနုတ်မြောင်းများနှင့် သဘာဝရိုးချောင်းများပေါ်တွင် ရေထိန်းတံခါးများ၊ ရေထုတ်ပေါက်များ ထည့်သွင်းတည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ ကမ်းပတ်တာ တည်ဆောက်ခြင်းသည် လုပ်ငန်းပမာဏကြီးမားပြီး အသေးစိတ်စူးစမ်းလေ့လာမှုများ အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်၍ လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့က အစီရင်ခံစာများ ဖတ်ကြားတင်ပြကြသည်။ ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်း အသိပေးသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနက **ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကိုတင်သွင်းပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကတင်သွင်းသည့် **တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

**(သတင်းစဉ်)**

❖❖❖

အမျိုးသားလွှတ်တော်အစည်းအဝေး

# အစိုးရအောင်ဘာလေထီဥပဒေကြမ်းနှင့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို လတ်တလောအတည်ပြုရန် မသင့်သည့်အတွက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ဥပဒေကြမ်း ၁၂ ခု အစီရင်ခံဖတ်ကြားခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသည့် **မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်း၊ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်း၊ မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာများဖတ်ကြားတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **အစိုးရအောင်ဘာလေထီဥပဒေကြမ်းနှင့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအရ အမျိုးသားလွှတ်တော်က လတ်တလောအတည်ပြုရန် မသင့်သည့်အတွက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံတင်ပြသည့် **အကျဉ်းထောင်များဥပဒေကြမ်း၊ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအရ အမျိုးသားလွှတ်တော်က ခေတ်စနစ်နှင့်ကိုက်ညီသည့် ဥပဒေများအဖြစ် ပြန်လည်ရေးဆွဲရန်လိုအပ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

ထို့နောက် ကချင်ပြည်နယ် ဖားကန့်ဒေသတွင် မြေစာတောင်ပြိုကျပြီး လူများရာနှင့်ချီ၍ သေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း ဦးခက်ထိန်နန်က အဆိုတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။



ဦးတင်ယု။



ဦးခက်ထိန်နန်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဒီဇင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သော ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရိုမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောဂ်ဒန် အော်ရက်စကူထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပညာရေးဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ပညာသင်နှစ် နေ့သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်အသီးသီးအတွက် ပထမနှစ် နေ့သင်တန်းများကို ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ကြေညာထားရှိပါသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကို ဒီဇင်ဘာ ၃ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ပါသည်။ **(ပညာရေးဝန်ကြီးဌာန)**

## စွန့်ပစ်မွေးကင်းစကလေးငယ်တစ်ဦး စောင့်ရှောက်ထား

**တပ်ကုန်း နိုဝင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲကျင်းပသည့် နိုဝင်ဘာ ၂၅ ရက်တွင် မွေးကင်းစမိန်းကလေးငယ်တစ်ဦးအား အောင်ဇေယျရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေး မီးပွိုင့်အနီး၌ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

"တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေ ၆ နာရီခွဲခန့် မီးပျက်တဲ့အချိန်မှာ မွေးကင်းစမိန်းကလေးငယ်ကို ပလတ်စတစ်ခြင်းဖြင့် စွန့်ပစ်ထားတာဖြစ်ပါတယ်"ဟု အောင်ဇေယျရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောမင်းက ပြောသည်။

တပ်ကုန်း ခုတင်(၁၀၀)ဆံ့ဆေးရုံအုပ် ဒေါက်တာထွန်းထွန်းနှင့် ကလေးအထူးကုဆရာဝန်တို့စစ်ဆေးတွေ့ရှိချက်မှာ မွေးကင်းစ ၃ ရက်မှ ၅ ရက်အတွင်း မိန်းကလေးဖြစ်ပြီး ကိုယ်အလေးချိန် ၂ ဒသမ ၂၅ ကီလိုခန့်ရှိကြောင်းနှင့် ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိ၍ ယနေ့ထိ ကလေးငယ်အား ကလေးကုသဆောင်တွင် ကလေးအထူးကုဆရာဝန်ဖြင့် ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**(တင်စိုးလွင်)**



# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ဥပဒေကြမ်း ၃ ခုအား မှတ်တမ်းတင်ခြင်း၊ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ ၃ ခုနှင့်စပ်လျဉ်း၍ဆွေးနွေးခြင်း၊ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီထားသည့် **အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် လမ်းမကြီးများ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် **ပေကျင်းကနဦးစာတမ်းကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်**ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပေကျင်းကနဦးစာတမ်းကို မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ဘင်္ဂလားဒေ့ရှ် - တရုတ် - အိန္ဒိယ - မြန်မာ ၄ နိုင်ငံအကြား ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှု ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် စွမ်းအင်အသုံးချရေးတို့တွင် ဒေသတွင်းအစိုးရများအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းစာတမ်းတွင် စည်းနှောင်မှုရှိသောအချက်များ ပါဝင်ခြင်းမရှိဘဲ ဆွေးနွေးပွဲ၏ရလဒ်အနေဖြင့် ဆွေးနွေးမှုများကို မှတ်တမ်းတင်၍ ရှေ့ဆက်ဆောင်ရွက်ရန်လုပ်ငန်းများကို ဖော်ပြခြင်းသာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ် အမျိုးသား စီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များ၏ နိုဝင်ဘာ ၂၄ ရက်က ဆွေးနွေးချက်များအပေါ် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်တွင်းအခွန်များဦးစီးဌာန၏ ၆ လပတ် အခွန်ကောက်ခံရရှိမှု နှိုင်းယှဉ်ချက်နှင့် ပြည်ပကြွေးမြီကိစ္စရပ်များကို ပြန်လည်ရှင်းလင်းတင်ပြသည်။ **(ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ ရှင်းလင်းတင်ပြချက်များမှ ပြည်ပကြွေးမြီကိစ္စရပ်များကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**



(၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် **၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် **မြန်မာ-အစ္စရေး ကာကွယ်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ**နှင့် **မြန်မာ-အစ္စရေး လုံခြုံမှု အဆင့်အတန်းရှိသော သတင်းအချက်အလက် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်**တို့တွင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ဆက်လက်၍ **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၇ ဦးတို့က ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များသည် ရငွေ၊ သုံးငွေအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးခြင်းမရှိသည့်အတွက် ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောနှင့်သက်ဆိုင်သည့် အကြောင်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးခြင်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် စတင်ဆောင်ရွက်ရန် လျာထားကြောင်း အသိပေးကြေညာသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ Myanmar Egress အဖွဲ့မှ သင်တန်းသား သင်တန်းသူများ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၃၀**

Myanmar Egress အဖွဲ့မှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ Myanmar Egress အဖွဲ့မှ ဦးတေဇာမျိုးဝင်းက သင်တန်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုင်ရာများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲ ရလဒ်ထုတ်ပြန်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သင်တန်းသားတစ်ဦးက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲလာရောက်ပေးသူဦးရေနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း စနစ်တို့အားမေးမြန်းခဲ့ရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်နှင့် ကော်မရှင်ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲသည် နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ ပြည်သူလူထုလက်ထဲရှိ အချုပ်အခြာအာဏာကို လူထုကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတစ်ဝန်းသို့ ပျံ့နှံ့စေခြင်းဖြစ်ကြောင်း၊ လူထုကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ရွေးကောက်ပွဲကျင်းပပေးရခြင်းဖြစ်ကြောင်း၊ လူထုကိုယ်စားလှယ် အများဆုံးအနိုင်ရရှိသည့် ပါတီအနေဖြင့် အာဏာရပါတီဖြစ်လာပြီး အစိုးရဖွဲ့၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါတီ၏မူလ အခြေခံမူအတိုင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သင်တန်းသားလူငယ်များအနေဖြင့် အနာဂတ်တွင် နိုင်ငံတော်တာဝန်ယူကြရမည့် ပုဂ္ဂိုလ်များဖြစ်သည့်အားလျော်စွာ နိုင်ငံတော်တိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် ညီညီညွတ်ညွတ်ဖြင့် တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

၀၀၀

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အလှူငွေရရှိမှု

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၁၅ ခုနှစ် ဇွန်လမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ အနှံ့အပြားဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့် ပြည်သူများအတွက် ပြည်တွင်း ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေစုစုပေါင်းမှာ ၉၀၅၀၁၃၃၆၉၇ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၁၅၄၁၂၃၂ ဒသမ ၄၀ ဖြစ်သည်။ အဆိုပါ လက်ခံရရှိသော အလှူငွေများကို ဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဆဋ္ဌမအကြိမ်မြောက် စတုဒိသာကျွေးမွေး

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် ရတနာလမ်းမိသားစုမှ ဆဋ္ဌမအကြိမ်မြောက် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၂၉ ရက် ညနေ ၄ နာရီမှစ၍ ကျင်းပရာ ရပ်ကွက်အတွင်းရှိပြည်သူများ ပျော်ရွှင်စွာလာရောက်သုံးဆောင်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## ပြင်ဆင် ဖတ်ရှုပါရန်

နိုဝင်ဘာ ၃၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃)တွင် ဖော်ပြပါရှိသော မြန်မာနိုင်ငံ၏ တယ်လီဖုန်းအသုံးပြုမှု ၆၀ ရာခိုင်နှုန်းကျော် တိုးတက်လာကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ပြောကြားခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသည့် အဆိုပါအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ ဒါနန်းမြို့အစား ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

# လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉၆/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)**
**လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ**
**စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုတစ်ဝန်းလုံး၌ တစ်ပြိုင်တည်းကျင်းပခဲ့ပါသည်။ ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၂၃ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် (တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ ခု အပါအဝင်) ၆၅၉ နယ်တို့တွင် လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီးအတွက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်များကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးမှုအခြေအနေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၆ အရ ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှ ၄၅ ရက်အတွင်း အစီရင်ခံစာ ထုတ်ပြန်ကြေညာရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာ စာရင်းဇယားများနှင့် ရာခိုင်နှုန်းများကို အများပြည်သူသိရှိနိုင်ရန် အောက်ပါအတိုင်းထုတ်ပြန်ကြေညာလိုက်သည် -

**(က) ရွေးကောက်ပွဲကျင်းပမှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်

(ကက) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ် ၃၃၀ နယ်
(ခခ) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် ၃၂၃ နယ်
(ဂဂ) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း ၉၇ ဒသမ ၈၈ ရာခိုင်နှုန်း

(၂) အမျိုးသားလွှတ်တော်

(ကက) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ် ၁၆၈ နယ်
(ခခ) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် ၁၆၈ နယ်
(ဂဂ) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်း

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်မဲဆန္ဒနယ် ၆၇၃ နယ်
(ခခ) ရွေးကောက်ပွဲကျင်းပခဲ့သည့် မဲဆန္ဒနယ် ၆၅၉ နယ်
(ဂဂ) ရွေးကောက်ပွဲကျင်းပနိုင်သည့် ရာခိုင်နှုန်း ၉၇ ဒသမ ၉၂ ရာခိုင်နှုန်း

**(ခ) ဆန္ဒမဲပေးမှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်

(ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၄၂၉၅၃၃၄ ဦး
(ခခ) ဆန္ဒမဲပေးသူဦးရေ ၂၃၉၁၁၇၈၄ ဦး
(ဂဂ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၆၉ ဒသမ ၇၂ ရာခိုင်နှုန်း

(၂) အမျိုးသားလွှတ်တော်

(ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၄၂၉၅၃၃၄ ဦး
(ခခ) ဆန္ဒမဲပေးသူဦးရေ ၂၃၉၄၆၇၀၉ ဦး
(ဂဂ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၆၉ ဒသမ ၈၂ ရာခိုင်နှုန်း

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈၀၁၅၈၈၀ ဦး
(ခခ) ဆန္ဒမဲပေးသူဦးရေ ၂၆၃၆၈၄၆၇ ဦး
(ဂဂ) ဆန္ဒမဲပေးမှုရာခိုင်နှုန်း ၆၉ ဒသမ ၃၆ ရာခိုင်နှုန်း

**(ဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၃၉၁၁၇၈၄ ဦး
(ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၂၄၁၆၃၁၀ မဲ
(ဂဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း ၉၃ ဒသမ ၇၅ရာခိုင်နှုန်း

(၂) အမျိုးသားလွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၃၉၄၆၇၀၉ ဦး
(ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၂၇၁၄၆၃၇ မဲ
(ဂဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း ၉၄ ဒသမ ၈၅ ရာခိုင်နှုန်း

(၃) တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ဆန္ဒမဲပေးသူဦးရေ ၃၈၀၁၅၈၈၀ ဦး
(ခခ) ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက် ၂၅၁၀၃၂၅၂ မဲ
(ဂဂ) ခိုင်လုံသောဆန္ဒမဲရရှိမှုရာခိုင်နှုန်း ၆၆ ဒသမ ၀၃ ရာခိုင်နှုန်း

**(ဃ) ပယ်မဲ၊ ပျောက်မဲအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၃၉၁၁၇၈၄ ဦး
(ခခ) ရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် ၂၂၄၁၆၃၁၀ မဲ
(ဂဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် ၁၄၉၅၄၇၄ မဲ
(ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း ၆ ဒသမ ၂၅ ရာခိုင်နှုန်း

(၂) အမျိုးသားလွှတ်တော်

(ကက) ဆန္ဒမဲပေးသူဦးရေ ၂၃၉၄၆၇၀၉ ဦး
(ခခ) ရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် ၂၂၇၁၄၆၃၇ မဲ
(ဂဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် ၁၂၃၂၀၇၂ မဲ
(ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း ၅ ဒသမ ၁၅ ရာခိုင်နှုန်း

(၃) တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ဆန္ဒမဲပေးသူဦးရေ ၃၈၀၁၅၈၈၀ ဦး
(ခခ) ရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် ၂၅၁၀၃၂၅၂ မဲ
(ဂဂ) ပယ်မဲ၊ ပျောက်မဲအရေအတွက် ၁၂၆၅၂၁၅ မဲ
(ဃဃ) ဆန္ဒမဲရရှိမှုအနက် ပယ်မဲ၊ ပျောက်မဲရာခိုင်နှုန်း ၃ ဒသမ ၃၃ရာခိုင်နှုန်း

**(င) လွှတ်တော်ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်မှုအခြေအနေ**

(၁) ပြည်သူ့လွှတ်တော်

(ကက) ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၁၇၃၃ ဦး
(ခခ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၁၆၄၃ ဦး
(ဂဂ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၉၀ ဦး
(ဃဃ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း ၉၄ ဒသမ ၈၁ ရာခိုင်နှုန်း
(ငင) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၅ ဒသမ ၁၉ ရာခိုင်နှုန်း

(၂) အမျိုးသားလွှတ်တော်

(ကက) ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၈၈၆ဦး
(ခခ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၈၄၄ ဦး
(ဂဂ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၄၂ ဦး
(ဃဃ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၉၅ ဒသမ ၂၆ ရာခိုင်နှုန်း
(ငင) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၄ဒသမ ၇၄ရာခိုင်နှုန်း

(၃) တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၃၄၁၉ ဦး
(ခခ) နိုင်ငံရေးပါတီများ ကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၃၂၄၁ ဦး
(ဂဂ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၁၇၈ ဦး
(ဃဃ) နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရာခိုင်နှုန်း ၉၄ ဒသမ ၇၉ ရာခိုင်နှုန်း
(ငင) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းရာခိုင်နှုန်း ၅ ဒသမ ၂၁ ရာခိုင်နှုန်း

**(စ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှု အခြေအနေ**

(၁) ပြည်သူ့လွှတ်တော်

(ကက) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဦးရေ ၁၆၄၃ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ ၃၂၂ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၁၉ ဒသမ ၆၀ရာခိုင်နှုန်း

(၂) အမျိုးသားလွှတ်တော်

(ကက) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဦးရေ ၈၄၄ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့်လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ ၁၆၆ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၁၉ ဒသမ ၆၇ရာခိုင်နှုန်း

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) နိုင်ငံရေးပါတီများကိုယ်စားပြုယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဦးရေ ၃၂၄၁ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေး ပါတီများကိုယ်စားပြု ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ ၆၅၇ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှုရာခိုင်နှုန်း ၂၀ ဒသမ ၂၇ရာခိုင်နှုန်း

**(ဆ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ခံရမှု အခြေအနေ**

(၁) ပြည်သူ့လွှတ်တော်

(ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဦးရေ ၉၀ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ ၁ ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း ၁ ဒသမ ၁၁ ရာခိုင်နှုန်း

(၂) အမျိုးသားလွှတ်တော်

(ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဦးရေ ၄၂ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ ၂ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း ၄ ဒသမ ၇၆ ရာခိုင်နှုန်း

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးအပါအဝင်)

(ကက) ပါဝင်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဦးရေ ၁၇၈ ဦး
(ခခ) ရွေးကောက်တင်မြှောက်ခံရသော တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ ဦးရေ ၂ဦး
(ဂဂ) ရွေးကောက်တင်မြှောက်ခံရမှု ရာခိုင်နှုန်း ၁ ဒသမ ၁၂ ရာခိုင်နှုန်း

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီ တတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပ



**ရန်ကုန်   နိုဝင်ဘာ   ၃၀**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ ဒုတိယနေ့အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)တွင် ဆက်လက်ကျင်းပသည်။

ယနေ့ပြုလုပ်ခဲ့သည့် တတိယနေ့အစည်းအဝေးနှင့်စပ်လျဉ်း၍ MPC မှ အထူးအကြံပေးဖြစ်သူ ဦးလှမောင်ရွှေက"ဒီနေ့ ဆုံးဖြတ်ချက်တစ်ခုက အစုအဖွဲ့တစ်စုဆီကနေ ကိုယ်စားလှယ် သုံးဦးစီက မနက်ဖြန်ကနေစပြီး မူကြမ်း အသေးစိတ်ကိုစတင်ရေးဆွဲပါမယ်။ ဒီဇင်ဘာ ၁ ရက်ကနေ ၅ ရက်အထိ ပြုလုပ်ခဲ့တဲ့ သုံးရက်တာဆွေးနွေးချက်တွေကို NCA ရဲ့ မူဘောင်အတွင်းကနေ အစုအဖွဲ့သုံးဖွဲ့က ပြန်လည်ပြီး မူကြမ်းရေးသားပါမယ်။ အဲဒါပြီးရင် လာမယ့် ဒီဇင်ဘာ ၇ ရက်နဲ့ ၈ ရက်မှာ UPDJC မှာပါဝင်တဲ့ ၄၈ ဦးကနေပြီးတော့ စိစစ်ပြီးဆွေးနွေးအတည်ပြုပါမယ်။ ပြီးရင်ကျန်ရှိနေသေးတဲ့ လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်ပါမယ်"ဟု ပြောကြားသည်။

ယနေ့ အစည်းအဝေးတွင် ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အထိ ကြာမြင့်မည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)အသေးစိတ်ရေးဆွဲရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ကိုယ်စားလှယ်သုံးဦးအဖြစ် ချင်းအမျိုးသားတပ်ဦး (CNF)မှ ဒေါက်တာဆလိုင်းလျန်မှူန်းဆာခေါင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ရဲဘော်မျိုးဝင်းနှင့် ကရင်အမျိုးသား အစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA PC) မှ စောကျော်ညွန့်တို့အားရွေးချယ်ထားသည်။

အစိုးရ၊ တပ်မတော်၊ လွှတ်တော်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှမူ ကိုယ်စားလှယ်နှစ်ဦးစီသာအတည်ပြု ရွေးချယ်ထားကြပြီး ကျန်ရှိနေသေးသည့် ကိုယ်စားလှယ်တစ်ဦးစီအား ဒီဇင်ဘာ ၁ ရက်မှသာ အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အစိုးရ၊ တပ်မတော်၊ လွှတ်တော်အစုအဖွဲ့အတွက် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်နှင့် MPC ၏ အထူးအကြံပေးဦးလှမောင်ရွှေ၊ နိုင်ငံရေးပါတီအစုအဖွဲ့အတွက် ဦးသုဝေ (ဒီမိုကရက်တစ်ပါတီ-မြန်မာ)နှင့် ဦးစိုင်းကျော်ညွန့် (ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)တို့အား ရွေးချယ်ထားသည်။

သုံးရက်ကြာကျင်းပခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ ဆွေးနွေးပွဲတွင် မူကြမ်းရေးဆွဲရန် ချမှတ်ထားသည့် အခန်း (၁၀) ခန်းသာမက ဆွေးနွေးရမည့် အကြောင်းအရာများကိုပါ သဘောတူခဲ့ကြောင်း တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှူန်းဆာခေါင်းက ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆွေးနွေးရမည့် အကြောင်းအရာများတွင် ကဏ္ဍ (၆) ခုခွဲခြားထားပြီး နိုင်ငံရေးကဏ္ဍ၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် မြေယာကိစ္စအထွေထွေဟူ၍ ပါဝင်သည်။

မူကြမ်းရေးဆွဲရေးကော်မတီမှ အသေးစိတ်ရေးဆွဲထားသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း)အားလာမည့် ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပနိုင်ရန် လျာထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးများတွင် အဆုံးအဖြတ် ရယူသွားမည်ဖြစ်သည်။

MPC မှ ဦးလှမောင်ရွှေက " ရက်ပေါင်း ၆၀ အတွင်းမှာ အပြီးရေးဆွဲနိုင်ဖို့ တစ်ဆို့နေတာတွေ မရှိတော့ဘူး။ ချောမွေ့ဖို့ပဲရှိတယ်။ ဒါတွေ ပြီးသွားရင်တော့ UPDJC ရဲ့ အထက်က JICM က အတည်ပြုပြီးရင် တာဝန်ရှိတဲ့ အစိုးရကိုလွှဲအပ်ပေးဖို့ဆိုတဲ့ အဆင့်တွေရှိမယ်။ လက်ရှိအစိုးရက လက်ခံယူပြီးရင် NCA စာချုပ်ပါ အချိန်သတ်မှတ်ချက်အတိုင်း ဇန်နဝါရီလ ၁၄ ရက်မကျော်တဲ့ သင့်တော်တဲ့အချိန်မှာ နိုင်ငံရေးဆွေးနွေးပွဲခေါ်ယူပေးဖို့ ဆိုတာတွေရှိမယ်"ဟု သုံးသပ်ပြောကြားသည်။

**သတင်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အား ပြည်ထောင်စုလွှတ်တော်သို့ ဒီဇင်ဘာ (၁) ရက်တွင် တင်သွင်းမည်



**ရန်ကုန် နိုဝင်ဘာ ၃၀**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)အား ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC )၌ နိုဝင်ဘာ ၃၀ ရက်ကပြုလုပ်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ တတိယနေ့ အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေက ပြောကြားသည်။

ဒီဇင်ဘာ ၁ ရက်တွင်ပြုလုပ်မည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်မှ ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းတင်ပြမည်ဖြစ်သည်။

"ဝန်ကြီးဦးအောင်မင်းနဲ့ ဒုတိယရှေ့နေချုပ်က မနက်ဖြန်မှာတိုင်းရင်းသားတွေဘက်က NCA ကို လွှတ်တော်မှာတင်သွင်းမယ့်ကိစ္စတွေအတွက် နေပြည်တော်ကို သွားရောက်ဆောင်ရွက်နေပါတယ်"ဟု MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေက ပြောသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် အခန်း(၇)ခန်းနှင့် အပိုဒ်(၃၃) ပိုဒ်ပါဝင်သည်။ စာချုပ်၏ အခန်း(၅) နိုင်ငံရေးဆွေးနွေးပွဲ အာမခံချက်များအခန်းတွင် NCA စာချုပ်ကို "ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ အတည်ပြုချက်ရယူခြင်း" ဟူ၍ ပါရှိသည်။

NCA စာချုပ်အား လက်မှတ်ရေးထိုးခဲ့သည့် ချင်းအမျိုးသားတပ်ဦး (CNF) မှ ဒေါက်တာဆလိုင်းလျန်မှူန်းဆာခေါင်းက**" NCA စာချုပ်အတိုင်းမနက်ဖြန်မှာ လွှတ်တော်တင်သွင်းပြီးတော့ လွှတ်တော်မှာအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မျှော်လင့်တာက အခုလွှတ်တော်မှာပါဝင်နေတဲ့ လွှတ်တော်အမတ်အားလုံးက ဘယ်နိုင်ငံရေးပါတီပဲ ဖြစ်ပါစေ ဒီနိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ သန်း ၅၀ ကျော်သော လူထုရဲ့အကျိုးကို ရှေးရှုပြီးတော့ သမ္မတကြီးတင်သွင်းတဲ့ ကျွန်တော်တို့ရဲ့ NCA စာချုပ်ကို လွှတ်တော်မှာ ချောချောမောမောအတည်ပြုပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်"** ဟု ပြောကြားသည်။

NCA စာချုပ်အား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပအသိသက်သေများမှ နိုင်ငံတော်သမ္မတအား အသိသက်သေထား၍ လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

NCA စာချုပ်အပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ သဘောထားနှင့်ပတ်သက်၍ ဦးလှမောင်ရွှေက**"ကျွန်တော်တို့အနေနဲ့ NCA ကိုကျော်ပြီးလုပ်တာ ဘာမှမရှိဘူး။ NCA ကို လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ နောင်တာဝန်လွှဲပြောင်းယူမယ့် အစိုးရအဖွဲ့အစည်းတွေ ချောချောမွေ့မွေ့လုပ်နိုင်ဖို့ဆိုတာကိုပဲ အဓိကထားစဉ်းစားတယ်။ ဒီနေ့ထိ ဆောင်ရွက်နေတာအားလုံးကို NCA သဘောတူထားတဲ့အဖွဲ့တွေအားလုံးရော၊ လက်မှတ်မထိုးရသေးတဲ့လက်နက်ကိုင်အဖွဲ့အစည်းတွေရော သဘောမတူစရာမရှိပါဘူး"**ဟု ပြောကြားသည်။

NCA စာချုပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့အပါအဝင် လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ နှစ်နှစ်ကျော်ကြာ အတူတကွရေးဆွဲခဲ့ကြပြီး ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက်တွေင် NCA စာချုပ်မူချောအဖြစ် အတည်ပြုနိုင်ခဲ့သည်။

**နိုင်ငံရေးဆွေးနွေးပွဲများစတင်မည့် ဇန်နဝါရီလမတိုင်မီ လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားထိပ်သီးအစည်းအဝေး ကျင်းပလိုကြောင်း**ကို ဒေါက်တာဆလိုင်းလျန်မှူန်းဆာခေါင်းက **"NCA စာချုပ်လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေက တစ်ဖွဲ့မှာ ထိပ်သီးခေါင်းဆောင်တစ်ဦးစီနဲ့ ရှစ်ဦး စုပေါင်းပြီး Coordination Team ဆိုတာတစ်ခုဖွဲ့ပါတယ်။ အဲဒီမှာ ခေါင်းဆောင်အဖြစ် ပဒိုကွယ်ထူးဝင်း အပါအဝင် စုစုပေါင်းကိုးဦးကိုရွေးချယ်ပြီးတော့ လက်မှတ်မရေးထိုးသေးတဲ့ အဖွဲ့တွေနဲ့ အမြဲတမ်းညှိနှိုင်းဆက်သွယ်ဖို့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ကတော့ တကယ့်နိုင်ငံရေးဆွေးနွေးပွဲမစတင်မီမှာ လက်မှတ်ရေးထိုးတဲ့အဖွဲ့နဲ့ လက်မှတ်မရေးထိုးရသေးတဲ့အဖွဲ့တွေ တွေ့ဆုံနိုင်မယ့် ထိပ်သီးအစည်းအဝေးမျိုးကို လိုလားပါတယ်။ ဖိတ်လည်းဖိတ်ခေါ်ပါတယ်"**ဟု ယနေ့ညနေပိုင်းတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

**သတင်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

အတွေးအမြင်

# မှန်ကန်စိတ်ထား ကုသိုလ်ပွား

ပုညတင်(ခရမ်း)

စာရေးသူသည် စာပေဝါသနာပါသည့်အလျောက် ရုပ်မြင်သံကြားမှထုတ်လွှင့်သော Readers Channel မှ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ စာပေစကားဝိုင်း၊ စာပေလေ့လာရေးခရီး၊ ငါးရာ့ငါးဆယ်နိပါတ်တော် ဇာတ်လမ်းပုံပြင်များကို နေ့စဉ်နားထောင်ဖြစ်ပါသည်။ နားထောင်ပြီး မှတ်သားစရာများကို မှတ်သား၊ သိမ်းဆည်းလိုက်နာသင့်သည်များကို လက်ခံကျင့်သုံး၊ ပြုံးရယ်စရာများကိုလည်း ကြည်နူးဝမ်းသာ နှလုံးအိမ်မှာသိုမှီးထားတတ်ပါသည်။

ဟောပြောသူအချို့မှာ ပညာရှင်ကြီးများဖြစ်ပါသည်။ ဝါရင့်၊ အတွေ့အကြုံများ၊ စာပေဝမ်းစာပြည့်ဝသူများဖြစ်ကြပါသည်။ သို့ရာတွင် အချို့အချို့သော စာပေပညာရှင်တို့၏ ဟောပြောချက်များမှာ တစ်ဖက်စွန်းသို့ရောက်လေမလား တွေးတောမိပါသည်။ စာရေးသူ၏အမြင်၊ စာရေးသူ၏ ထင်မြင်ချက်များကို တင်ပြလိုခြင်းပါ။ စာရေးသူသည် ဘာမျှမဟုတ်သေးသော စာပေနယ်မှ ပိုးစုန်းကြူးလေးမျှဟုဆိုက မှားမည်မထင်ပါ။

စာရေးဆရာတစ်ဦးက ဟောပြောပွဲတစ်ခုတွင် ပြောပါသည်။ လောကတွင် အပြောနှင့်အလုပ်၊ အလုပ်က အဓိကပါတဲ့။ ထို့အတူ ဟန်ပြနှင့် သဘာဝ၊ သဘာဝက အဓိကပါတဲ့။ လူတစ်ဦးသည် ဘယ်လောက်ဟန်ပြကောင်းကောင်း၊ အကျင့်စိတ်ထားသဘောတရားမမှန်လျှင် ကြည်ညိုဖွယ် မဖြစ်ပါတဲ့။ အများအပေါ်၊ တိုင်းပြည်နှင့် လူမျိုးအပေါ် မေတ္တာစေတနာ မပြည့်ဝဘဲ အချိန်တန်တော့ ပိတ်ဖြူဝတ်ပြီး ဘုရားတည်၊ ဘုရားကို ထီးတော်တင်လျှင် အမြင်သာချောပြီး မနောကြည်မွေ့စရာမဖြစ်ပါတဲ့။

ထိုစာရေးဆရာပြောလိုက်သောအခါ အရှင်ဆေကိန္န၏ တရားတစ်ပုဒ်ကို စာရေးသူ သတိရလိုက်ပါသည်။ ထို တရားထဲတွင် ဆရာတော်က ကုသိုလ်နှင့် အကုသိုလ် ခွဲခြားဟောထားပါသည်။ ကုသိုလ်ဆိုတာ အဖြူရောင်၊ အကုသိုလ်ဆိုတာ အမည်းရောင်တဲ့။ အဖြူရောင် ကုသိုလ်က ကောင်းကျိုးချမ်းသာကိုပေးသည်။ အမည်းရောင် အကုသိုလ်က ဆိုးကျိုးကိုပေးသည်။မြန်မာ မုန့်စိမ်းပေါင်းကို ဥပမာပေးပါသည်။ မုန့်စိမ်းပေါင်းတစ်ခုတည်းပါပဲ။ အဖြူရောင်က အဖြူပိုင်းသက်သက်၊ (အဖြူရောင် အရစ်ပိုင်း) အမည်း သို့မဟုတ် အညိုရောင်လေးက အညိုရောင်တစ်ရစ် တစ်ပိုင်းပါ။ အရသာချင်းလည်း မတူပါ။ အသွေးအရောင်ချင်းလည်း မတူပါ။ အဖြူရောင်တစ်ရစ်ကြောင့် အမည်းရောင် အရောင်ဖျော့မသွားပါ။ အမည်းရောင်အရစ်အပိုင်းကြောင့် အဖြူရောင် ညစ်မသွားပါ။ သူ့ကဏ္ဍနှင့်သူ၊ သူ့ကံတရားနှင့်သူ၊ သူ့အကျိုးပေးနှင့်သူ သီးသန့်အကျိုးပေးတတ်ပါသည်။ သီးသန့်အရသာရှိတတ်ပါသည်။

စာရေးသူတင်ပြလိုသည်မှာ ဟန်ဆောင်ကောင်းသူ၊ မရိုးသားခြင်း၊ စေတနာမပြည့်ဝခြင်း၊ လုပ်ဆောင်ချက်မတိပခြင်း၊ ကိုယ်ကျိုးမစွန့်နိုင်ခြင်းတို့က သတ်သတ်ပါ။ ဘုရားတည်ခြင်း၊ ဘုရားထီးတော်တင်လှူတော်မူခြင်း၊ ပိတ်ဖြူဝတ်ခြင်းတို့မှာ ကောင်းမှုတွေဖြစ်ပါသည်။ ထိုကောင်းမှုများကိုလုပ်ဆောင်သည့် ရည်ရွယ်ချက်ကိုကြည့်ရပါမည်။ မိမိ၏အပြစ်တွေကို ဖုံးကွယ်လို၍ ဘုရားတည်ခြင်းလား၊ ပိတ်ဖြူဝတ်ခြင်းလား၊ ထိုသို့မဟုတ်လျှင် သူ၏အကုသိုလ်တွေက သီးခြားပါ။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်သဒ္ဓါစိတ်ဖြင့် သာသနာကို လိုသည့်ဆန္ဒ၊ မိမိကဲ့သို့ တခြားသူများကို ကုသိုလ်မျှဝေလိုသည့်ဆန္ဒကြောင့် ပြုမူခြင်းဖြစ်နေပါလျှင် ပြစ်မှားပြောဆိုမိသူမှာ တာဝန်ကြီးလှသည်။

နှစ်မျိုးကို တစ်မျိုးအဖြစ်ရော၍ လက်ညှိုးမထိုးသင့်ဟု ထင်ပါသည်။ ဗုဒ္ဓဘာသာဝင် ထေရဝါဒ တရားဓမ္မ ရှုထောင့်မှ တွေးကြည့်ခြင်း၊ မှန်းကြည့်ခြင်း၊ မေတ္တာရပ်ခံတောင်းပန်ခြင်းပါ။

စာရေးသူတို့အရပ်ထဲတွင် အရက်ဆိုင်ပိုင်ရှင်မိသားစုရှိပါသည်။ ထိုမိသားစုမှာ အရက်နှင့်အကျိုးပေးသည်။ တိုက်နှင့် ကားနှင့် မိသားစုအဆင့်မြင့်မြင့် နေထိုင်ကြသည်။ အလှူအတန်းလည်း မကြာခဏပေးလှူ ဖြစ်ကြသည်။ တရားရိပ်သာတွင် သံဃာတော်များ၊ ယောဂီများအားလုံး အရုဏ်ဆွမ်း၊ နေ့ဆွမ်း နှစ်စဉ်လှူကြပါသည်။ သင်္ကြန်မဏ္ဍပ်များတွင် စတုဒိသာကျွေးသည်။ ထိုမိသားစုက သီးသန့်လှူခြင်းပါ။ ဆင်းရဲသော ကလေးနှစ်ဦး၊ သုံးဦးကို သာသနာ့ဘောင်သွတ်သွင်းပေးခြင်း၊ ရှင်ပြုပေးခြင်း၊ သီလရှင်စာသင်တိုက်သို့ လှူဖွယ်များကောင်းနိုးရာရာ လှူဒါန်းခြင်း၊ ကုသိုလ်အမှုတွေ များစွာပြုကြသည်။ မိသားစုများ တရားရိပ်သာဝင်၍ ဝိပဿနာအားထုတ်ကြပါသည်။

တစ်နေ့တွင် ရပ်ကွက်ထဲမှ မိသားစုတစ်စုနှင့် အချင်းများရန်ဖြစ်ကြသည်။ အပြန်အလှန်ပြောဆို ငြင်းခုံရင်း တစ်ဖက်မိသားစု မိန်းမကြီးက -

“ညည်းတို့ကို အထင်မကြီးဘူး။ ရောင်းတော့အရက်၊ ဘယ်လောက်လှူလှူ ဘယ်လောက်တရားထိုင်ထိုင်အလကားပဲမှတ်ထား”ဟူသော စကားပါလာသည်။ စာရေးသူ သေသေချာချာကြားလိုက်ရသည်။ စာရေးသူ လန့်သွားပါသည်။ ရန်ဖြစ်လို့လန့်တာမဟုတ်ပါ။ ထိုမိန်းမကြီး၏စကားကို ကြားရ၍လန့်သွားခြင်းပါ။ လူချင်းမနှစ်သက်တာ အကြောင်းမဟုတ်ပါ။ တစ်ဦးကို တစ်ဦး နှိမ့်ချလို၍ ထိုသို့ပြောခြင်းကို ကြောက်ရွံ့ခြင်းပါ။ ထိုမိန်းမကြီးကို သနားမိလိုက်ခြင်းပါ။

အရက်ရောင်းခြင်းသည် အပြစ်မှန်ပါသည်။ မရောင်းအပ်သောပစ္စည်းတွင် ပါမှန်းသိသည်။ သို့ရာတွင် အသက်မွေးမှုမှာ မကင်းနိုင်၍လုပ်ကြရသည်။ ထိုမှရသော စီးပွားလာဘ်လာဘမှ အချို့ကိုပေးလှူသည်။ စွန့်ကြဲသည်။ ပေးကမ်းသည်။ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းမှာ ဒါနဖြစ်သည်။ ဒါနကိုပြုလျှင် ကုသိုလ်ရမှာပါ။ ဗုဒ္ဓတရား အမှားမဖြစ်နိုင်။ လှူရာတွင် သဒ္ဓါသာ အဓိကပါ။ စေတနာသုံးတန်ပြတ်၍ လှူပါလျှင် ကောင်းကျိုး ချမ်းသာရမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ နောက်ဆုံး နိဗ္ဗာန်အထိ ပို့ဆောင်တတ်သည်ဟု ယုံကြည်ထားပြီးသားပါ။ ထို့အတူ ဝိပဿနာတရားအားထုတ်လျှင် ရုပ်နာမ်ဓမ္မ သင်္ခါရကိုမြင်၍ နိဗ္ဗာန်ဝင်နိုင်မည်မှာ ဧကန်အမှန်ပါ။ အပြစ်မကင်းသည့် အကုသိုလ်အချို့ကိုလုပ်ခြင်းအတွက် ရမည့်ဆိုးကျိုးက သတ်သတ်ပါ။ အရက်ရောင်းသည်ကို ကဲ့ရဲ့အပြစ်ဆိုလျှင် မှန်ပါသည်။ တရားပါသည်။ အရက်ရောင်းသည့် မိန်းမက ဒါနလှူလည်း အလကား၊ သီလစောင့်လည်း အလကား၊ ဝိပဿနာရှုမှတ်လည်း အလကားဟုတော့ မစွပ်စွဲသင့်ပါ။

“ဒါန၊ သီလ၊ ဘာဝနာ လူတိုင်းလုပ်ရမှာ၊ လူတိုင်းလုပ်ကြပါ”ဟု မြတ်ဘုရားဟောထားသည်ကို သတိချပ်သင့်ပါသည်။ လက်လွတ်စပယ်မပြောသင့်ပါ။ ဗုဒ္ဓဘာသာစစ်စစ်၊ ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများကြားလျှင် သဂြိုဟ်သတင်းဆိုကြမည်အမှန်ပါ။ “ငါ့ စကားနွားရ” ရှေ့မကြည့်၊ နောက်မကြည့် ဘာသာရေးကို ငြိစွန်းမည့်စကားရှောင်သင့်လှသည်ဟု ထင်ပါသည်။

စာရေးသူ၏ မိတ်ဆွေအမျိုးသမီးအချို့ရှိပါသည်။ သူတို့က ဘိုးတော်ကို ကိုးကွယ်ကြပါသည်။ တောင်ပြုန်းနတ်ပွဲသို့လည်း သွားကြပါသည်။ ပုပ္ပားက အဘထွက်ပွဲသို့လည်း ဆက်ဆက်ရောက်ဖြစ်ကြပါသေးသည်။ ရှိပါစေ။ ကျေနပ်ပါသည်။ သရဏဂုံသုံးပါးကိုလည်း ဝပ်တွားကိုးကွယ်ကြသူတွေပါ။ လှူလည်းလှူ ဥပုသ်သီတင်းလည်း စောင့်ထိန်းကြပါသည်။ တရားဘာဝနာလည်း ရှုမှတ်ပွားကြပါသည်။

တစ်နေ့တွင် သူတို့အိမ်သို့ စာရေးသူရောက်သွားပါသည်။ ဟင်းလျာ၊ ထမင်းစသည်တို့ကို ချက်ပြုတ်နေကြပါသည်။

“ဘာလုပ်ဖို့လဲ အလှူလား၊ ဆွမ်းကျွေးလား” ဟု မေးသောအခါ

“အလှူလည်းမဟုတ်ပါ၊ ဆွမ်းကျွေးလည်း မဟုတ်ပါ၊ အဘကို ဆွမ်းကပ်မလို့”တဲ့။

“ဘယ်က အဘကိုလည်း”မေးတော့ -

“အဘဗေဒင်ဆရာဘိုးတော်ကို ဆွမ်းကပ်မှာပါ”တဲ့။

“အို. . . . ဘယ်လိုပြောလိုက်ပါလိမ့်”။

စာရေးသူ စိတ်ထဲ နင့်ခနဲ ခံစားလိုက်ရပါသည်။ “ဘုရားအမှူးရှိသော ပစ္စေကဗုဒ္ဓါ ရဟန္တာသံဃာတော်အရှင်မြတ်၊ ရသေ့ရဟန်းများကိုသာ ဆွမ်းကပ်သည်” ဟု ကြားဖူးပါသည်။ ဗေဒင်ဆရာဘိုးတော်ကို ဆွမ်းကပ်သည်ဟု တစ်ခါမျှမကြားဖူးခဲ့ပါ။ ဘုရားသာသနာတော်နှင့်ဆိုင်သည့် အသုံးအနှုန်းကို ခပ်ပေါ့ပေါ့ လွယ်လင့်တကူပြောဆိုလိုက်ခြင်းပါ။

သာသနာရေးဆိုင်ရာ တာဝန်ရှိသူများက မကြားရ၍ အပြစ်မပေးဘူးဆိုသော်မှ ကံတရားကမနေ၊ အပြစ်ပေးပေတော့မည်။ အပြောမှားအဆိုမှားများ ပြောမိသူများ၊ ဆိုမိသူများ၊ ရေးမိသူများကို ငရဲမင်းကခွင့်လွှတ်မည်မထင်ပါ။ ထို့ကြောင့် ပြောရာတွင်၊ ဆိုရာတွင်၊ ရေးရာတွင်၊ ယူဆတွေးတောရာတွင် အမှားကင်းအောင် ဗုဒ္ဓဘုရားကို အဂါရဝမဖြစ်အောင်၊ ဗုဒ္ဓ၏ တရားတော်များကို မထိမဲ့မြင်မဖြစ်စေရအောင် သတိထားရေးသားပြောဆိုသင့်လှပါသည်။ ပြောမှား၊ ဆိုမှား၊ ရေးမှား၊ တွေးမှားသူများသာအပြစ်ဖြစ်သည်။ ကဲ့ရဲ့ခံရမည့် ဆိုးကျိုးကိုရမည်။ နိဗ္ဗာန်နှင့် ဝေးမည်ဖြစ်၍ နောင်တနှင့်ယှဉ်တွဲငိုပွဲမဆင်ကြရပါစေနဲ့ဟု မေတ္တာရှေ့ထားဆုမွန်စကား ရေးသားလိုက်ရပါသတည်း။ ။



## မိတ္ထီလာတောင်ကန်အရှေ့ဘက်ကန်ပေါင်အနီး ရန်ကုန်-မန္တလေး ကားလမ်းမတိုးချဲ့ဖောက်လုပ်

မိတ္ထီလာ နိုဝင်ဘာ ၃၀

မိတ္ထီလာမြို့နယ် ရတနာမာရ်အောင်ရပ်ကွက် မိတ္ထီလာတောင်ကန် အရှေ့ဘက်ကန်ပေါင်အနီး ရန်ကုန်-မန္တလေးကားလမ်းမကို ယုဇနကုမ္ပဏီမှတာဝန်ယူ တိုးချဲ့ဖောက်လုပ်လျက်ရှိပြီး ပြီးစီးပါက ယာဉ်ကြီး၊ ယာဉ်ငယ်များကို လွတ်လပ်စွာရှောင်ကွင်းမောင်းနှင်နိုင်ကာ ယခင်ကထက် ခရီးလမ်း ပိုမိုချောမွေ့အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းနေရာသည် အာရှအဝေးပြေးလမ်းမကြီးအမှတ် (၁)တွင် ပါဝင်ပြီး ယခင်က ပေ ၆၀ ကျော်မြင့်သည့် ကုန်းပေါ်တွင်တည်ရှိကာ ကျဉ်းမြောင်းပြီး မော်တော်ယာဉ်ကြီးနှစ်စီးအသွားအပြန်ယှဉ်၍ ကောင်းစွာမောင်းနှင်နိုင်ခြင်း မရှိသောကြောင့် ဖြတ်သန်းသွားလာရာတွင် အဆင်မပြေဖြစ်ခဲ့သည်။ အာရှအဝေးပြေးလမ်းမကြီးအမှတ်(၁)ပေါ်တွင် ပါဝင်ခဲ့သောလမ်းဖြစ်ပြီး ခရီးဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်ကြီးငယ်များ၊ မော်တော်ဆိုင်ကယ်များနှင့် လမ်းသွားလမ်းလာများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယခုကဲ့သို့ ယာဉ်သွားလမ်းတိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်သည်။

ပေ ၆၀ ကျော်မြင့်သည့် ကုန်း၏ဘေးတွင်ကပ်လျက် ၎င်းအမြင့်ပေအတိုင်း စက်ယန္တရားကြီးများဖြင့် မြေဖို့ပြုပြင်ပြီး မူလလမ်းနှင့် တိုးချဲ့လမ်း စုစုပေါင်း ပေ ၁၀၀ အကျယ်လမ်းမကြီးဖြစ်အောင် တိုးချဲ့ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **(၁၇၉)**

## ဂရိတ်ဗြိတိန်အသင်းရဲ့ (၇၉) နှစ်ကြာမှ ပြန်လည်အသက်ဝင်ခဲ့တဲ့ ဒေးဗစ်ဖလားပြိုင်ပွဲ

ဂရိတ်ဗြိတိန်အသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ ကစားခဲ့ကြတဲ့ ဒေးဗစ်ဖလားဗိုလ်လုပွဲမှာ ဗြိတိန်နံပါတ်(၁)တင်းနစ်ကစားသမား အန်ဒီမာရေးက ဘယ်လ်ဂျီယံမှ ဂေါဖင်န်ကို ၃-၁နဲ့ အနိုင်ယူနိုင်ခဲ့ပြီးနောက်မှာ ဂရိတ်ဗြိတိန်အသင်းရဲ့ ၇၉နှစ်ကြာ စောင့်ဆိုင်းခဲ့ရတဲ့ ဒေးဗစ်ဖလားချန်ပီယံဖြစ်ခွင့် အိပ်မက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ အန်ဒီမာရေးက ၂၀၁၃မှာ ၇၇နှစ်ကြာ ဘယ်ဗြိတိန်လူမျိုးတစ်ဦးတစ်ယောက်မျှ ချန်ပီယံမဖြစ်ခဲ့တဲ့ ဝင်လ်ဘယ်ဒန်အိုးပင်းချန်ပီယံဆုကို ဆွတ်ခူးပေးနိုင်ခဲ့ပြီးနောက် နှစ်နှစ်အကြာမှာပဲ ဗြိတိန်အတွက် နောက်ထပ်ကြီးမားတဲ့ဆုလာဘ်ကြီးတစ်ခုကို ဆောင်ကြဉ်းလာနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ချန်ပီယံဆုဖလားနဲ့အတူ ပျော်ရွှင်နေတဲ့ မာရေးက “အခုလိုနိုင်ငံကိုယ်စားပြုအသင်းအတွက် ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့တာက ဂရင်းစလင်း ချန်ပီယံဆုရတာနဲ့လည်းမတူ သလို အိုလံပစ်မှာရွှေတံဆိပ်ဆုဆွတ်ခူးတာနဲ့လည်း မတူပါဘူး။ဒါက တကယ့်ကို အံ့သြဖွယ်ကောင်းတဲ့ စိတ်ခံစားချက်ပါ”လို့ ပွဲအပြီးမှာ ပြောခဲ့ပါတယ်။

ဂရိတ်ဗြိတိန်အသင်းက ပထမအကျော့မှာ အမေရိကန်ပြည်ထောင်စုအသင်းကို သုံးပွဲ-နှစ်ပွဲ၊ကွာတားဖိုင်နယ်မှာ ပြင်သစ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ အကြိုဗိုလ်လုပွဲမှာ သြစတြေးလျအသင်းကို သုံးပွဲ-နှစ်ပွဲ၊ ယခုဗိုလ်လုပွဲမှာ ဘယ်လ်ဂျီယံအသင်းကို သုံးပွဲ-တစ်ပွဲနဲ့အနိုင်ယူပြီးနောက်မှာ ၇၉နှစ်ကြာ စောင့်စားခဲ့ရတဲ့ ဒေးဗစ်ဖလားချန်ပီယံဆုဖလားကို တစ်ကျော့ပြန်ရရှိခဲ့ပါတယ်။မာရေးက နှစ် ၂၀အတွင်း အမေရိကန်တင်းနစ်ကစားသမား ပိဆန်းပရက်စ်ပြီးနောက် ဗိုလ်လုပွဲမှာ သုံးပွဲအနိုင်ရအောင်ကစားနိုင်ခဲ့တဲ့ ကစားသမားလည်းဖြစ်လာခဲ့ပါတယ်။ **(မေလှဲ့သင်း)**

### ကျောဖုံးမှ

ထပ်ဆင့်လွှင့်ပုံစံဖြင့် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ရွေးချယ်ထားခဲ့သည့် ဆန်ခါတင်ကစားသမား ငါးဦးအနက် သုံးဦးကို အာဖရိကနိုင်ငံပေါင်း ၄၆ နိုင်ငံမှ သတင်းစာပညာရှင်များက မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။အဆိုပါဆုကို ဘရာဟီမီသည် ၂၀၁၄ ခုနှစ်က လည်းကောင်း၊ ယာယာတိုရေးသည် ၂၀၁၃ ခုနှစ်က လည်းကောင်း၊ အန်ဒရီးအေးရီးသည် ၂၀၁၁ ခုနှစ်က လည်းကောင်း အသီးသီးရရှိထားကြကြောင်း သိရသည်။ အော့ဘာမေယန်သည် ဆန်ခါတင်ကစားသမားအဖြစ် သုံးနှစ်ဆက်တိုက်ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး ဆာဒီယိုမာနီမှာမူ ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်သည်။**(ငွေကြယ်)**



### ပြင်ဦးလွင်မှ

“ရေတံခွန်ရောက်ရင် အပန်းဖြေပြီး မိသားစုနဲ့အပေါင်းအဖော်အလိုက် စုဖွဲ့ ရေဆင်းချိုးကြတာမျိုးလုပ်ကြတာမို့ ပျော်စရာကောင်းပါတယ်။ ခြေကျင် အဆင်း၊ အတက် မလုပ်နိုင်သူတွေအတွက် ပုခက်ထမ်းစင်နဲ့ ထမ်းပြီး ပို့ဆောင်ပေးတာမျိုးလည်းရှိတယ်။ ဈေးတော့ နည်းနည်းများတယ်”ဟု ၎င်းက ဆိုသည်။

ပြင်ဦးလွင်မြို့ အနီးစခန်းမှတစ်ဆင့် သွားရောက်ရသည့် ဓာတ်တော်ချိုင့်ရေတံခွန်သည် မန္တလေးတိုင်းဒေသကြီးအတွင်း အမြင့်ဆုံး ရေတံခွန်တစ်ခုဖြစ်ပြီး စနေ၊ တနင်္ဂနွေနှင့် လပြည့်၊ လကွယ်နေ့များတွင် လာရောက်လည်ပတ်သူများပြားပြီး တန်ဆောင်မုန်းလနှင့် ကဆုန်လတို့တွင် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အများဆုံးလာရောက် အပန်းဖြေလည်ပတ်ကြကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# လေးဆယ်ကျော်ပေမယ့် လှနေဆဲ မင်းသမီး ကင်မ်ဟေစိုး





မင်းသားချော ဘေယောင်ဂျွန်းနှင့် တွဲဖက်ရိုက်ကူးခဲ့သည့် "Did We Really Love?"ရုပ်သံဇာတ်လမ်းတွဲဖြင့် မြန်မာပရိသတ်များနှင့် စတင်ရင်းနှီးခွင့်ရခဲ့သော တောင်ကိုရီးယားမင်းသမီးချော ကင်မ်ဟေစိုးသည် နိုဝင်ဘာ ၂၇ ရက်က သူ၏ဆွဲဆောင်မှုရှိဆဲ ခန္ဓာကိုယ်အလှကို ရိုက်ကူးထားသည့် ဓာတ်ပုံများကို အွန်လိုင်းမှတစ်ဆင့် ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါဓာတ်ပုံများတွင် မင်းသမီးသည် အနက်ရောင်တီရှပ်အကျပ်နှင့် ဂျင်းဘောင်းဘီကို ရွှေရောင်ခါးပတ်နှင့် တွဲဖက်ဝတ်ဆင်ထားပြီး ယင်းရိုးရိုးရှင်းရှင်းဝတ်စုံနှင့်ပင် သူ၏စမတ်ကျလှသော ကိုယ်ခန္ဓာအချိုးအစားမှာ ပေါ်လွင်နေကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ကင်မ်ဟေစိုးသည် ၁၉၇၀ ခုနှစ် စက်တင်ဘာ ၅ရက်က မွေးဖွားခဲ့သူဖြစ်သည့်အတွက် ယခုအချိန်တွင် အသက်အရွယ်အားဖြင့် ၄၅ နှစ် စွန်းခဲ့ပြီဖြစ်သော်လည်း လှနေဆဲဖြစ်ကြောင်း သူ၏ဓာတ်ပုံများက သက်သေပြလျက်ရှိသည်။

ကင်မ်သည် အနုပညာဘက်တွင်လည်း အထူးအောင်မြင်ခဲ့သူဖြစ်သည်။ သူသည် ၁၉၈၆ ခုနှစ်မှစတင်ကာ ရုပ်ရှင်နယ်ပယ်အတွင်း ဝင်ရောက်ခဲ့ပြီး ရုပ်ရှင်များစတင်ရိုက်ကူးခဲ့ရာ ယနေ့အချိန်အထိ ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲ ခြောက်ဆယ်ခန့် ပါဝင်ရိုက်ကူးခဲ့ပြီးဖြစ်သည်။ ထို့ပြင် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု အပါအဝင် အခြားသောသရုပ်ဆောင်ထူးချွန်ဆု စုစုပေါင်း ၃၅ ဆုကိုလည်း ဆွတ်ခူးရရှိခဲ့သည်။

**အေးပြည့် - ရေးသားသည်။**

## ကိုယ့်ကိုယ်ကိုယ်သတ်သေမည်ဟု ဖေ့စ်ဘွတ်ခ်ပေါ်တွင် ခြိမ်းခြောက်ခဲ့သည့် ရှင်းနိဒ်အိုကွန်နော

အိုင်ယာလန်လူမျိုး အဆိုတော် ရှင်းနိဒ်အိုကွန်နောက သူသည် ဆေးအလွန်အကျွံ သုံးစွဲထားပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ပြီးခဲ့သည့်တနင်္ဂနွေနေ့က သူ၏ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။

ဆက်လက်ပြီး သူကလတ်တလောတွင် သူသည် အခြားသောနာမည်တစ်ခုကိုသုံး၍ ဟိုတယ်တစ်ခုတွင် တည်းခိုနေကြောင်းနှင့် ယခုကဲ့သို့ သတ်သေမည့်အကြောင်းနှင့် သူရောက်ရှိနေသည့်နေရာကို ဖွင့်ပြောရခြင်းမှာ မိသားစုဝင်များအနေဖြင့် သူ့၏အလောင်းကို ရှာမတွေ့နိုင်မည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်းလည်း ရေးသားဖော်ပြခဲ့သည်။

ပြည်သူ့ဆက်ဆံရေးကုမ္ပဏီတစ်ခုက သူနှင့်ဆက်သွယ်ရန်ကြိုးပမ်းခဲ့သော်လည်း ကွန်နောဘက်က ချက်ချင်းမတုံ့ပြန်ခဲ့ပေ။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ ဒေသခံရဲများက တစ်စုံတစ်ရာမှတ်ချက်ပေးခြင်းမရှိဘဲ ကွန်နောအနေဖြင့် အသက်ဘေးမှ လုံခြုံခဲ့ပြီဖြစ်ကြောင်းသာ ပြောကြားခဲ့သည်။ ဒေသခံမီဒီယာများကလည်း ကွန်နောသည် လတ်တလောတွင် ဆေးကုသမှုခံယူနေပြီဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။

ကွန်နောသည် အမျိုးသမီးများ၏ အခွင့်အရေးများနှင့်ပတ်သက်သည့် ပြဿနာများအပေါ်ထားရှိသည့် သူ၏ပြင်းထန်သည့်အမြင်များကြောင့် လူသိများပြီး မကြာသေးမီကလည်း စိတ်ကျရောဂါကို ခံစားနေရကြောင်း သူကိုယ်တိုင် ဖွင့်ဟခဲ့သည်။

# ဂျော်နီဒပ်ဖွင့်ဟလာတဲ့ သူ့ဘဝရဲ့ အမှောင်မိုက်ဆုံးအချိန်

"Pirates of the Caribbean"ရုပ်ရှင်တွေရဲ့ ပင်တိုင်ဇာတ်ဆောင်မင်းသားကြီး ဂျော်နီဒပ်ကိုတော့ ပရိသတ်တွေက ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ် အသိများကြပါတယ်။ ဂျော်နီဒပ်ဟာ ဟောလိဝုဒ်မှာ ယနေ့အချိန်အထိအောင်မြင်နေတဲ့ မင်းသားတွေထဲက တစ်ယောက်လည်းဖြစ်ပါတယ်။ အောင်မြင်မှုအပေါင်း သရဖူဆောင်းထားဆဲမင်းသားကြီးက မကြာသေးမီကပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာတော့ သူ့ဘဝရဲ့အမှောင်မိုက်ဆုံး၊ အခက်ခဲဆုံးဖြစ်ခဲ့ရတဲ့အချိန်ကို ဖွင့်ဟပြောကြားခဲ့ကြောင်း ယူအက်အေတူဒေးသတင်းစာက ဖော်ပြခဲ့ပါတယ်။

ဒပ်က ဘဝမှာမမေ့နိုင်တဲ့ အခက်ခဲဆုံးသောအချိန်ကို ၂၀၀၇ ခုနှစ်တွင် ကြုံတွေ့ခဲ့ရကြောင်းနဲ့ ယင်းအချိန်မှာ သမီးဖြစ်သူ လီလီရို့စ်ဒပ် ကျောက်ကပ်ဝေဒနာကြောင့် လန်ဒန်မှာရှိတဲ့ ဂရိတ်ထ်အော်မွန်းစထရိထ်ဆေးရုံမှာ တက်ရောက်ခဲ့ရတဲ့အချိန်ဖြစ်ကြောင်း ရင်ဖွင့်ခဲ့ပါတယ်။

ဒပ်က "ကျွန်တော့်ဘဝမှာ ကမ်းမမြင်လမ်းမမြင်ဖြစ်ခဲ့ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတဲ့ မှောင်မိုက်တဲ့အချိန်ဆိုတာ ကြုံခဲ့ရဖူးပါတယ်။ ဒါပေမယ့် အဲဒီအချိန်တွေထဲကမှာ အဆိုးရွားဆုံးအချိန်ကတော့ သမီးဆေးရုံတက်ခဲ့ရတဲ့အချိန်ပါပဲ"လို့ " The Graham Norton Show"ရုပ်သံအစီအစဉ်မှာ ဖွင့်ဟခဲ့တာပါ။

သမီးဖြစ်သူဆေးရုံတက်ရတဲ့အချိန်မှာ ဒပ်က သည်းထိတ်ရင်ဖိုရုပ်ရှင် "Sweeney Todd" ကို ရိုက်ကူးနေတဲ့အချိန်ဖြစ်လို့ အနားမှာမရှိခဲ့ပါဘူး။ ဒါပေမယ့် သမီးဆေးရုံတက်ခဲ့ရတဲ့ ကိုးရက်တာအချိန်အတွင်းမှာတော့ ဆေးရုံကို သွားရောက်ကြည့်ရှုဖြစ်ခဲ့ပါတယ်။ အဲဒီလိုဆေးရုံကိုသွားရောက်ကြည့်ရှုခဲ့တာကနေ သူသိရှိလိုက်ရတဲ့အရာက နေထိုင်မကောင်းဖြစ်နေတဲ့ကလေးတွေအတွက် သူတို့ကိုလာရောက်အားပေးခြင်းဟာ ဖော်မပြနိုင်တဲ့ပျော်ရွှင်မှုတွေကို ဖန်တီးပေးနိုင်တယ်ဆိုတာပါပဲ။ ဒါ့ကြောင့်ဒပ်ဟာ နောင်တစ်ချိန်မှာ သူ့ရဲ့ ဂျက်စပဲရိုးဝတ်စုံကိုဝတ်ဆင်ပြီး ဩစတြေးလျမှာရှိတဲ့ ကလေးဆေးရုံကို သွားရောက်ကာ ဆေးကုသမှုခံယူနေရတဲ့ ကလေးတွေနဲ့တွေ့ဆုံကာ အားပေးဖြစ်ခဲ့ပါတယ်။ ယခုလို ကလေးတွေနဲ့တွေ့ဆုံဖို့ စိတ်ကူးကိုဖြစ်ပေါ်စေတာက သမီးဖြစ်သူ ဆေးရုံတက်ရောက်ခဲ့ရတာကြောင့်ပဲဖြစ်တယ်လို့လည်း မင်းသားက ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီးမင်းသားက သမီးဖြစ်သူအရွယ်ရောက်လာပေမယ့်လည်း သူ့အနေနဲ့ သမီးအတွက် အမြဲပူပန်နေမိကြောင်းနဲ့ သားသမီးတွေ ဘယ်အရွယ်ပဲရောက်ရောက် စိတ်မချနိုင်ဘဲ အမြဲစိုးရိမ်နေတတ်ခြင်းဟာ မိဘတွေရဲ့ သဘာဝပဲဖြစ်ကြောင်းလည်း ဆိုခဲ့ပါတယ်။



# ရုပ်မြင်သံကြားအစီအစဉ်များ

[၁ - ၁၂ -၂၀၁၅ (အင်္ဂါနေ့)]

## မြန်မာ့ရုပ်မြင်သံကြား New Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်၏ ပရိတ်တရားတော်
- ၆း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ (အပိုင်း-၁၁)
- ၆း၄၀ "ဖူးမြော်မဝသံဝေဇနိယ လေးဌာန"
- ၈း၃၅ "မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး"
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
- ၁၁း၃၅ "ရုပ်ခန္ဓာမလှပသူတို့၏ နှလုံးသားအားမာန်များ"
- ၁၂း၃၅ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ
- ၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၃၆)
- ၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၁၆)
- ၂း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်
- ၂း၅၀ "လှေကားသုံးထစ်ဆင်းတဲ့အခါ"
- ၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၄း၄၅ "HIV/AIDS အကြောင်းတစေ့တစောင်း ဆွေးနွေးခန်း"
- ၆း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၉း၀၀ ပြည်တွင်းသတင်း
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၃၇)
  - -"တစ်သက်တာ၏တစ်သက်တာ"
  - -ပြည်သူ့နီတိ "အိမ်နီးချင်း"

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -သံသာချိုအေးမင်္ဂလာတေး
- ၆း၁၀ ပြည်သူ့နီတိ "အရွယ်သုံးပါး" (ပထမပိုင်း)
- ၆း၄၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဒါရိုက်တာ-ပြည်ဟိန်းသီဟ)
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၈)
- ၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၄၇)
- ၈း၃၅ တေးဂီတအစီအစဉ်
- ၈း၅၀ ဟိုးတုန်းက. . . ရေဒီယို အသံလွှင့်ဇာတ်လမ်းများ "ကမ္ဘာပတ်၍ လမ်းလျှောက်ခြင်း" [(ဝေယံမင်း၊ သာဒိုးအောင်၊ ချိုတေးလွင်လွင်၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း (LaurelArt Academy)]
- ၁၀း၂၀ "လှပသောတမန်တော်" (တရုတ်မသန်စွမ်းအနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်)
- ၁၀း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ခုန်သံဆုံမှတ်"(အောင်ရဲလင်း၊ ဝိုင်းစုခိုင်သိန်း၊ သင်ဇာဝင့်ကျော်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၄၀ "ပါရမီ(၁၀)ပါး"တရားတော် (ဓမ္မဒူတ အရှင်ပညာဝရ)
- ၁၁း၀၀ သွားမယ်စားမယ် (HATRICK INYA Sports Bar)
- ၁၁း၂၅ Forever Music Tribute Raggae (အပိုင်း-၃) (ဒုတိယပိုင်း)
- ၁၁း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၅)
- ၁၂း၃၀ သာသနာ့အာဇာနည်ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိ "ဘဝသာသနာပုံရိပ်လွှာ" (အပိုင်း-၁)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၆)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၇)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂၈)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၇)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၅၂)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၆)
- ၁၀း၂၀ Fashion Week (MFDG) (Part-3)
- ၁၀း၅၀ Global Panorama (ဦးမျိုးမြတ်သူ၊ ဦးကိုကိုလှိုင်)
- ၁၁း၃၀ MRTV-4 Stage
- ၂း၅၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၇)
- ၄း၀၅ World of Knowledge (Asia's Titanic)
- ၄း၅၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ခနေဖြူမြို့သမိုင်းဝင် ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး)

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၄ အမျိုးသားရေးတေးကဗျာ
- ၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၈း၄၅ မြဝတီနေ့စဉ်သတင်း
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂန္ထဝင်မြောက်အမုန်း အပိုင်း(၇၇)
- ၆း၁၀ Let's Go
- ၆း၃၅ Dream Team
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်သက်တံများ အပိုင်း(၃)

မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
ဒို့တာဝန်အရေး(၃)ပါး
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
VOA အင်္ဂလိပ်စာသင်ခန်းစာ
ဟာသရုပ်စုံ
ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝသစ်ရဲ့အလင်းရောင် အပိုင်း(၇)

### ဒီဇင်ဘာ ၂ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၆**

| | | | |
|---|---|---|---|
| အန်ဂါ | - | ပီအက်စ်ဂျီ | နံနက်-၀၀း၃၀ |
| လိုရီးယန့် | - | နိုက်စ် | နံနက်-၀၀း၃၀ |
| နန့်တက်စ် | - | လိုင်ယွန် | နံနက်-၀၂း၃၀ |

**ကက်ပီတယ်ဝမ်းဖလား (ကွာတားဖိုင်နယ်)**

| | | | |
|---|---|---|---|
| မစ်ဒယ်ဘရော့ | - | အဲဗာတန် | နံနက်-၂း၁၅ |
| စတုတ်စီးတီး | - | ရှက်ဖီး | နံနက်-၂း၁၅ |
| မန်စီးတီး | - | ဟူးစီးတီး | နံနက်-၂း၁၅ |

### နိုဝင်ဘာ ၂၈/၃၀ ရက် ကစားခဲ့သည့် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၄**

| | | | | |
|---|---|---|---|---|
| နော့ဝှစ်ချ် | ၁ | - | ၁ | အာဆင်နယ် |
| လီဗာပူး | ၁ | - | ၀ | ဆွမ်ဆီး |

**စပိန်လာလီဂါ ပွဲစဉ် - ၁၃**

| | | | | |
|---|---|---|---|---|
| အီဘား | ၀ | - | ၂ | ရီးယဲလ်မက်ဒရစ် |
| ဗယ်လီကာနို | ၀ | - | ၃ | ဘီဘာအို |
| ဆီဗီလာ | ၁ | - | ၀ | ဗလန်စီယာ |

**စီးရီးအေ ပွဲစဉ် - ၁၄**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၁ | - | ၀ | လာဇီယို |
| ပါလာမို | ၀ | - | ၃ | ဂျူဗင်တပ် |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၄**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၁ | - | ၁ | ရှော်လ်ကေး |
| အော့စ်ဘတ် | ၀ | - | ၀ | ဝုဖ်ဘတ် |

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၅**

| | | | | |
|---|---|---|---|---|
| ဘော်ဒိုး | ၁ | - | ၄ | ကိန်း |
| မာဆေး | ၃ | - | ၃ | မိုနာကို |


မောင်မောင်ဇော်

# တိုက်စစ်မှူး မိုရာတာ ဂျူဗင်တပ်အတွက် အဓိကကစားသမားဖြစ်လာမည်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ တိုက်စစ်မှူး မိုရာတာအား ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီက ချီးကျူးစကားပြောကြားလိုက်ပြီး ဂျူဗင်တပ်အသင်းအတွက် အဓိကအားထားရသည့် ကစားသမားတစ်ဦး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး မိုရာတာသည် ဂျူဗင်တပ်အသင်းက ပါလာမိုအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂျူဗင်တပ်အသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး မိုရက်တာသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ပြန်လည် ခြေချနိုင်ဖွယ်ရှိသည့် သတင်းများထွက်ပေါ်နေသည့်အပြင် မိုရက်တာ၏ အနာဂတ်အတွက်လည်း အကျေအလည်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေဆဲဖြစ်သော်လည်း ဂျူဗင်တပ်အသင်းနည်းပြ အယ်လ်လီဂရီကမူ အသက်(၂၃)နှစ် အရွယ်ရှိ တိုက်စစ်မှူး မိုရာတာသည် ဂျူဗင်တပ်အတွက် အဓိကကစားသမား ဖြစ်လာမည်ဟု ပြောကြားခဲ့သည်။ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း တိုက်စစ်မှူး မိုရာတာအနေဖြင့် အီတလီစီးရီးအေ ချန်ပီယံဂျူဗင်တပ်အသင်းအတွက် သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ပါလာမိုအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် စီးရီးအေတွင် လေးပွဲဆက်တိုက်နိုင်ပွဲရရှိကာ စီးရီးအေအမှတ်ပေးဇယား၏ အဆင့်(၅)နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီလည်းဖြစ်သည်။ ပါလာမိုအသင်းအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးများကို မန်ဇူကစ်၊ စတူရာရိုနှင့် ဇာဇာတို့က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ငွေကြယ်




# လာလီဂါမှာ တတိယမြောက်သွင်းဂိုးအများဆုံးစံချိန်ရရှိခဲ့တဲ့ စီရိုနယ်လ်ဒို




အီဘားနှင့် ရီးယဲလ်တို့ကစားခဲ့သော လာလီဂါပွဲစဉ်တွင် စီရိုနယ်လ်ဒိုက ပင်နယ်တီမှတစ်ဆင့် သွင်းဂိုးတစ်ဂိုး သွင်းယူပြီးတဲ့နောက် လာလီဂါ၏ ထာဝရသွင်းဂိုးအများဆုံး တတိယနေရာသို့ တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်သည်။စီရိုနယ်လ်ဒိုအနေဖြင့် အခုပွဲ၌ အခွင့်အရေးမြောက်မြားစွာကို ဖြုန်းတီးပစ်ခဲ့သည့်အတွက် ဝေဖန်မှုများ ကြုံတွေ့ခဲ့ရသော်လည်း ရီးယဲလ်နည်းပြဘင်နီတက်ဇ်ကမူ သူ၏တိုက်စစ်မှူးက တစ်ပွဲလုံးကိုအကောင်းဆုံးပုံစံဖြင့် ကစားသွားနိုင်ခဲ့သည်ဟု ကာကွယ်ပြောကြားလိုက်သည်။

စီရိုနယ်လ်ဒိုမှာ လက်ရှိတွင် လာလီဂါသွင်းဂိုး (၂၃၄)ဂိုး အထိရှိလာပြီဖြစ်သည့်အတွက် ယခင် ရီးယဲလ်တိုက်စစ်မှူးဟောင်း ဟူဂိုဆန်းချက်ဇ်၏ စံချိန်ကိုလိုက်မီနိုင်ခဲ့ပြီဖြစ်သည်။ သို့သော် ၎င်းက ဟူဂိုဆန်းချက်ဇ်ထက် (၁၃၄)ပွဲလျော့ပြီး ကစားထားတာကြောင့် သူ၏ ဂိုးသွင်းစွမ်းရည်က ရီးယဲလ်ကစားသမားများထဲတွင် ထိပ်တန်းအကျဆုံးဟု သတ်မှတ်ရတော့မည်ဖြစ်သည်။

တိုက်စစ်မှူး ဇာရာနှင့် မက်ဆီတို့နှစ်ဦးမှာ စီရိုနယ်လ်ဒိုထက်သွင်းဂိုးပိုများသည့် ကစားသမားနှစ်ဦးဖြစ်သော်လည်း စီရိုနယ်လ်ဒိုက ဇာရာ၏စံချိန်အား လိုက်မီရန် ၁၇ ဂိုးသာ လိုအပ်တော့ရာ ယခုနှစ်ဘောလုံးရာသီမှာတင် အမီလိုက်နိုင်တော့မည်ဟု မျှော်လင့်ရသည်။ သို့သော် မက်ဆီ၏ သွင်းဂိုးမှာ ၂၉၀ဖြစ်သည့်အတွက် စီရိုနယ်လ်ဒိုအနေဖြင့် မက်ဆီ၏ သွင်းဂိုးစံချိန်ကို လိုက်မီဖို့ရန် အလှမ်းဝေးနေဦးမည်ဖြစ်သည်။

မေလဲ့သင်း




မီဆပ်အိုဇေးလ်က နော့ချ်ဝှစ်နဲ့ပွဲမှာ အာဆင်နယ်အတွက် အဖွင့်ဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက်မှာ သူ့ရဲ့ စွမ်းဆောင်ရည်ကောင်းတွေက မှတ်တမ်းတင်သူအားလုံးကို အလုပ်များစေခဲ့တယ်လို့ ဒေးလီးမေးလ်က ချီးကျူးရေးသားပါတယ်။ အိုဇေးလ်က အာဆင်နယ်အတွက် နောက်ဆုံးကစားခဲ့တဲ့(၁၂)ပွဲမှာ ဂိုးဖန်တီးမှု ၁၁ ကြိမ်၊ သွင်းဂိုးနှစ်ဂိုး ကိုယ်တိုင်သွင်းယူပြီး ကလပ်အသင်းပေါ်အမှန်တကယ်အကျိုးပြုနိုင်ခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။ ရီးယဲလ်နည်းပြ အန်စလော့တီက ရောက်ရောက်ချင်း ဂါရတ်ဘေးလ်ကို

# အာဆင်နယ်အတွက် သူ့ရဲ့ကောင်းသစ် (သို့မဟုတ်) မီဆပ်အိုဇေးလ်

ခေါ်ယူခဲ့တာကြောင့် ပုံမှန်ပွဲထွက်ခွင့်အာမခံချက်မရရှိတဲ့အတွက် သူဟာ ရီးယဲလ်ကို စွန့်ခွာပြီး အာဆင်နယ်ကိုပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

၂၀၁၃ စက်တင်ဘာ ၁၄ ရက် ဆန်းဒါးလန်းနဲ့ ကစားခဲ့တဲ့ပွဲမှာ အာဆင်နယ်အတွက် ပွဲဦးထွက် ဝင်ရောက်ကစားပေးခဲ့ပြီး ဂီရော့ဒ်သွင်းယူခဲ့တဲ့သွင်းဂိုးကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အိုဇေးလ်ဆီက ဒီထက်ပိုပြီး ခြေစွမ်းပြသနိုင်မယ်လို့မျှော်လင့်ထားတဲ့ အာဆင်နယ်ပရိသတ်တွေကတော့ အလုံးစုံကျေနပ်နှစ်သိမ့်ခြင်းမရှိဘဲ အိုဇေးလ်ဟာ ရီးယဲလ်အတွက်သာ ပိုမိုပေးဆပ်ကစားခဲ့တယ်လို့ စွပ်စွဲခဲ့ပါတယ်။အိုဇေးလ်က အာဆင်နယ်မှာ ကစားခဲ့တဲ့ ပထမ နှစ်နှစ်မှာ သူ့ရဲ့ ပုံမှန်ခြေစွမ်းအောက်အနည်းငယ် ကျဆင်းလာခဲ့ပါတယ်။ ဒါ့ကြောင့်လည်းသူဟာ ၂၀၁၂ ယူရိုဖလားပွဲနဲ့နှိုင်းယှဉ်ရင် ၂၀၁၄ ကမ္ဘာ့ဖလားမှာ သိပ်ပြီးခြေစွမ်းမပြနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျာမနီကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ပေမယ့် အိုဇေးလ်လည်း နှစ်လလောက်သာ အာဆင်နယ်အတွက် ဝင်ရောက်ကစားပေးနိုင်ခဲ့ပြီး ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်ခဲ့ရတာကြောင့် သူဟာ အာဆင်နယ်ရဲ့ အမေ့လျော့ခံကစားသမားဖြစ်လာခဲ့ပါတယ်။ သုံးလလောက်အနားယူခဲ့ရပြီးနောက် ပြန်လည်ဝင်ရောက်ကစားနိုင်ချိန်ကစလို့ အိုဇေးလ်ရဲ့ခြေစွမ်းက တောက်လျှောက် အတက်ဘက်မှာသာရှိနေတဲ့အတွက် သူ့ကို နည်းပြဝင်းဂါးကတောင် အတော့်တင်းဆုံးနဲ့ လွှမ်းမိုးမှုအရှိဆုံးကစားသမားလို့ အမည်နာမပေးကာ ချီးကျူးခဲ့ရပါတယ်။

ဒီနှစ်ဘောလုံးရာသီမှာတော့ ဝင်းဂါးက အိုဇေးလ်နဲ့ အသင့်လျော်ဆုံးကစားကွက်ဖြစ်တဲ့ ၄-၂-၃-၁ ကစားကွက်ကို ခင်းကျင်းကာ ရာသီသစ်ကိုဖြတ်သန်းဖို့ အစီအစဉ်ချခဲ့ပါတယ်။ ဒီကစားကွက်က အိုဇေးလ်ရဲ့ခြေစွမ်းအမှန်ကို အရောင်တောက်လာစေခဲ့ပြီးနောက် အာဆင်နယ်ရဲ့ကစားဟန်လည်း အသက်ဝင်လာခဲ့ပါတယ်။ အခုပရီမီယာလိဂ်ပွဲစဉ်(၁၄) ပြီးဆုံးချိန်မှာ အာဆင်နယ်က အမှတ်ပေးဇယားအဆင့် (၄)နေရာမှာပဲရပ်တည်နေတယ်ဆိုပေမယ့် ဇယားထိပ်က မန်စီးတီးနဲ့ ရမှတ်နှစ်မှတ်သာ ကွာဟတဲ့အနေအထားပါ။ ဒါ့ကြောင့် အာဆင်နယ်အနေနဲ့ ချန်ပီယံဆုကို အချိန်မရွေးဆွတ်ခူးနိုင်တဲ့ အနေအထားမှာ ရှိနေဆဲပါပဲ။ အာဆင်နယ်က တိုက်စစ်ပိုင်းမှာ ပြောစရာမရှိပေမယ့် နော့ချ်ဝှစ်နဲ့ပွဲမှာ ချေပဂိုးပေးလိုက်ရတာက ကိုစီရယ်နီနေရာမှာ ဝင်ရောက်ကစားတဲ့ ဂါဘရီရယ်က ဂရာဘန်ကို လူကပ်ကစားဖို့ ပျက်ကွက်ခဲ့တာကြောင့်ဖြစ်ပါတယ်။

အိုဇေးလ်က ကွင်းလယ်တိုက်စစ်ကစားသမားဆိုပေမယ့် သွင်းဂိုးတွေအများကြီး သွင်းယူနိုင်တဲ့သူမဟုတ်ပါဘူး။ ဒါပေမယ့် ကလပ်အသင်း အကျပ်အတည်းဆိုက်လာချိန်တွေမှာဆိုရင် သူ့ရဲ့သွင်းဂိုးတွေနဲ့ ထိထိရောက်ရောက်အကျိုးပြုနိုင်တာကို မှတ်တမ်းတွေအရ တွေ့ရမှာဖြစ်ပါတယ်။ အထူးသဖြင့်အာဆင်နယ်အနေနဲ့ အသင်းကြီးတွေ(မန်ယူ၊ ဘိုင်ယန်၊ ဇဂရက်)နဲ့ရင်ဆိုင်နေရချိန်မှာ အဖွင့်ဂိုးကို စတင်သွင်းယူပြီး အသင်းရဲ့ရလဒ်ပိုင်းကို သက်သောင့်သက်သာ ဖြစ်စေခဲ့သူပါ။

သူရဲ့ ကွင်းလယ်မှာ အကွက်မြင်မြင်ဖန်တီးပေးမှုတွေက အာဆင်နယ်တိုက်စစ်ကစားသမားတွေကို နေရာလွတ်တွေပိုမိုရလာစေခဲ့တာကြောင့် အောက်တိုဘာလကုန်ကပဲ ပရီမီယာလိဂ်ရဲ့ ပွဲဆက် ဂိုးဖန်တီးမှုအများဆုံးကစားသမားဖြစ်ခွင့်ရခဲ့ပါတယ်။ သူ့ကိုဂျာမနီလူငယ်အသင်းနည်းပြ ရှုစ်ဘတ်က " ဂျာမနီမက်ဆီ" လို့ ကင်ပွန်းတပ်ခဲ့ပေမယ့် အမှန်တော့ အိုဇေးလ်က မက်ဆီနဲ့ကစားဟန်မတူဘဲ အရင်ရီးယဲလ်ကွင်းလယ်လူ ဇီဒန်း၊ ဖီဂိုတို့နဲ့သာ ကစားပေါက်တူသူဖြစ်ပါတယ်။ ဇာဗီအလွန်ဆိုကတော့ အခုခေတ်ကစားသမားတွေထဲမှာ အိုဇေးလ်လိုကစားဟန်မျိုးကစားနိုင်သူဆိုတာ မတွေ့ရလောက် အောင်ရှားသွားပြီလို့ ဆိုခဲ့ပါတယ်။ ဒါပေမယ့် အိုဇေးလ်ကတော့ တစ်ကိုယ်တော်ရရှိတဲ့ မှတ်တမ်းကောင်းတွေထက် ကလပ်အသင်း ချန်ပီယံဆုနဲ့ ရာသီသိမ်းနိုင်ဖို့သာ ပိုပြီး အရေးကြီးတယ်လို့ ဆိုခဲ့ပါတယ်။ အင်္ဂလန်ကစားသမားတစ်ယောက် ခြေစွမ်းပြနေရင် လိုအပ်တာထက် ပိုပြီးချီးကျူးရေးသားလေ့ရှိတဲ့ အင်္ဂလန်မီဒီယာတွေကတောင် အိုဇေးလ်သာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားဖြစ်တယ်လို့ ဝန်ခံရေးသားရ တဲ့အထိ ခြေစွမ်းထက်ခဲ့ပါတယ်။

တစ်ခုသတိထားကြည့်ရင် အာဆင်နယ်အနေနဲ့ အိုဇေးလ်ရောက်ရှိလာပြီးနောက်ပိုင်း တစ်နှစ်မှဖလားလက်မဲ့ရာသီမဖြစ်သေးပါဘူး။ ဒါကြောင့် အက်ဖ်အေဖလားနှစ်ကြိမ် ဆက်တိုက် ဆွတ်ခူးနိုင်ပြီးနောက်မှာ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီနောက်ပိုင်း ပရီမီယာလိဂ် ဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ဖို့ လိုအပ်နေပြီလို့ပဲ ယုံကြည်ရင်း. . .။

ရှိုင်းယန်ဟေဒင်



# တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**ရေး နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် ရေးမြို့နယ် တူးမြောင်းကျေးရွာ အုပ်စု ကွမ်တိုးကွင်းပန်းလောင်လမ်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၆၆၃ ဒသမ ၄၀၀ အကုန်အကျခံကာ တည်ဆောက်လျက်ရှိရာ လာမည့် ဒီဇင်ဘာလအတွင်း၌ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလူငယ်သင်တန်းကျောင်းကို ဂန္ဓာဦး၊ မြစ်ကြီးငါးသွယ်၊ တီတီအိုကုမ္ပဏီသုံးခုတို့က ပူးပေါင်းကာ တည်ဆောက်ပေးလျက်ရှိရာ အဆောက်အအုံအမျိုးအစားများမှာ RC ကွန်ကရစ်အဆောက်အအုံများဖြစ်သည်။

ယင်းကျောင်းတည်ဆောက်ရာတွင် အုပ်ချုပ်ရေးမှူးရုံးခန်းတစ်ခန်း၊ ကျောင်းသား ၁၀၀ ဆံ့ တစ်ထပ်စာသင်ဆောင် တစ်ဆောင် ကျောင်းသား ၈၀ ဆံ့ နှစ်ထပ်အိပ်ဆောင်နှစ်ဆောင်၊ ကျောင်းသား ၂၀၀ ဆံ့နှစ်ထပ် စားရိပ်သာ တစ်ဆောင်ပါဝင်ပြီး တည်ဆောက်ရေးလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျောင်းကိုလည်း ရေ၊ မီးစုံ ရေချိုးခန်း၊ သန့်စင်ခန်းများ ထည့်သွင်းတည်ဆောက်ထားပြီး ကျောင်းဝင်းအတွင်း၌ ကျောက်ချောလမ်းလည်း ခင်းကျင်းပေးသွားမည်ဖြစ်ကြောင်း၊ မြေဧက ၅ ဒသမ ၀၉ ဧက အကျယ်အဝန်းကိုအသုံးပြုထားကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာနပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်များအရ သိရသည်။

**ထွန်းထွန်း(ရေး)**

# မြောင်းမြခရိုင် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၃၀**

၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ် မြောင်းမြခရိုင် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက် ညနေ ၃ နာရီက မြောင်းမြမြို့ မြို့မအားကစားကွင်း၌ကျင်းပရာ မြောင်းမြခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ အားကစားနည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အလံကိုင်အဖွဲ့များ၊ ဘင်ခရာတပ်ဖွဲ့ဝင်များ၊ ပန်းပွားအကအဖွဲ့များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအပြီးတွင် ခရိုင်ပညာရေးမှူးဖလား အသက် ၁၆ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကိုကျင်းပရာ ဝါးခယ်မမြို့နယ်အသင်းနှင့် အိမ်မဲမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ခရိုင်အဆင့် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲများကို မြို့မဘောလုံးအားကစားကွင်းသစ်ကြီးတွင်လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို အ.ထ.က(၁) ပညာရတနာခန်းမတွင်လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက် ပြိုင်ပွဲကို နောင်ရိုး(၂) အားကစားခန်းမတွင်လည်းကောင်း၊ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲကို အ.ထ.က(၆) အားကစားကွင်း၌လည်းကောင်း၊ အမျိုးသား ရိုးရာခြင်းလုံးပြိုင်ပွဲကို မြို့မအားကစားကွင်း ခြင်းလုံးအားကစားရုံတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း (ပြန်/ဆက်)**

# ဖောင်ဆိပ်-ရေတွင်းတောင်တံတားအမြန်ပြီးစီးရေးနှင့်ဖြတ်သန်းခွင့်ရရေးပြည်သူများမျှော်လင့်

**ခမောက်ကြီး နိုဝင်ဘာ ၃၀**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်(၃)ရပ်ကွက် ဖောင်ဆိပ်မှ ရေတွင်းတောင်ကျေးရွာသို့ ဆက်သွယ်သွားလာနိုင်သည့် ချောင်းကူးတံတား အမြန်တည်ဆောက်ပြီးစီးရေးနှင့် ဖြတ်သန်းခွင့်ရရှိရေးကို ဒေသခံပြည်သူများ မျှော်လင့်နေကြကြောင်း သိရသည်။



အဆိုပါတံတားသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ဖြင့် ၂၀၁၅ ခုနှစ် မတ်လမှစ၍ ကော့သောင်းအများပိုင်ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည်မှာ ပေ ၃၁၀ ဖြစ်ပြီး အောက်ခံတံတားတိုင် ၁၆ ခွင်ဖြင့်တည်ဆောက်ထားရာ ၁၀ ခွင်မြောက်တံတားတိုင်တွင် နိုဝင်ဘာ ၁၇ ရက်က ငါးလက်မခန့်ကျွံကျနေသည်။ ယင်းတံတားသည် ရေတွင်းတောင်ကျေးရွာဘက်ခြမ်းရှိ တံတားအဆုံးမှာ အပြီးသတ်ဆောင်ရွက်ရန်လိုအပ်နေသေးသည့်အပြင် ရေထိန်းနံရံအဖြစ်တည်ဆောက်ထားသော အုတ်တံတိုင်းမှာလည်း နိုဝင်ဘာ ၁၈ ရက် နံနက်က ပြိုကျပျက်စီးနေသဖြင့် အဆိုပါရပ်ကွက်နေဒေသခံပြည်သူများက စိုးရိမ်နေကြသည်။

အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူ ဦးအောင်မျိုးဆွေက "ကျွန်တော်တို့ တံတားကို အောက်ခံပြန်ခုပြီး ပြုပြင်ထားပါတယ်။ သုံးလက်မလောက်ပဲ ကျွံကျတာပါ။ နောက်ထပ်ကျွံကျ၊ မကျကို စောင့်ကြည့်ရဦးမှာပါ။ တံတားဘယ်လိုပြင်ဆင်တည်ဆောက်မယ် ဆိုတာတော့ ကျွန်တော်တို့ကုမ္ပဏီက အင်ဂျင်နီယာတွေလာမှပဲပြောနိုင်မှာပါ" ဟုပြောကြားခဲ့သည်။

အဆိုပါတံတား ခိုင်ခန့်ကောင်းမွန်စွာတည်ဆောက်ပြီးစီးပါက ဖောင်ဆိပ်မှ-ရေတွင်းတောင်ကျေးရွာ ထိုမှတစ်ဆင့် မာရမ်းကျေးရွာ၊ ဆိပ်ဖူးကျေးရွာနှင့် လုံးဖောကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်လာမည်ဖြစ်သည်။

**(ကြေးမုံ)**

**ပျောက်ဆုံးကြောင်း**

Zaw Myo Htet Co.,Ltd ၏ သွင်းကုန်လိုင်စင် IL7 15_16 4645 10-07-2015 နှင့် သွင်းကုန်လိုင်စင်သက်တမ်းတိုး IL7 15_16 E0227(05-10-2015) မှုရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း ၀၉-၅၀၃၂၂၁၇

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**

တိုက်ခန်း(၉၁/၁၀၅)၊ ပထမထပ်၊ C-2 (16'×56')၊ လမ်းမတော်မြို့နယ်၊ ဗိုင်းမွန်းကရောင်းဟိုတယ်မျက်နှာချင်းဆိုင်၊ သိန်း(၁၈၀၀)ညှိနှိုင်း
Ph:09-797369698,
09-789994530

**အာရှနဂါး**
**Asia Dragon ကျိုက်ထီးရိုး**
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-8008
707062, 09-861-7776

*UK's Top Computing Degree in Yangon*

**UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း**

**GUSTO INTERNATIONAL COLLEGE**

၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။


၃။ စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။

၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသော နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည် *

မြေအမှတ် ၂၈၉ (ခေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 789 888 222, 09 862 8806, 01 504632



# ကမ္ဘာ့သမိုင်းဝင်မည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၁) ကြိမ်မြောက် ညီလာခံ (Conference of Parties-COP 21)

*ယမန်နေ့မှအဆက်* –

**လှမောင်သိန်း** (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

အဆင့်မြင့်အစည်းအဝေး (High Level Segment) ကို ၇-၁၂-၂၀၁၅ ရက်မှာ ကျင်းပမှာဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက မိမိနိုင်ငံအလိုက် အမျိုးသားထုတ်ဖော်တင်ပြချက် National Statement တို့ကိုတင်ပြကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ အစိုးရအချင်းချင်းအဖွဲ့အစည်းများ (Inter-governmental Organizations) ကလည်း သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ထုတ်ဖော်တင်ပြချက် Statement များကို ဖတ်ကြားတင်ပြကြမှာဖြစ်ပါတယ်။

(၁၁) ကြိမ်မြောက် ကျိုတိုနောက်ဆက်တွဲစာချုပ်အဖွဲ့ဝင်နိုင်ငံများညီလာခံ (CMP11) ကို ၃၀-၁၁-၂၀၁၅ ရက်မှ ၁၁-၁၂-၂၀၁၅ ရက်ထိ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ အဲဒီညီလာခံမှာ ကျိုတိုနောက်ဆက်တွဲစာချုပ်ရဲ့ ဒုတိယမြောက်ကတိကဝတ်ကာလဖြစ်တဲ့ ဒိုဟာပြင်ဆင်ချက် အတည်ပြုလက်မှတ်ရေးထိုးမှုအခြေအနေ၊ သန့်ရှင်းသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ် (Clean Development Mechanism-CDM)၊ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်စေခြင်းဆိုင်ရာ ရန်ပုံငွေ၊ ကျိုတိုနောက်ဆက်တွဲစာချုပ်ကတိကဝတ်ပါ ထပ်မံတိုးမြှင့်ထားတဲ့ ရည်မှန်းချက်များဆိုင်ရာ ဝန်ကြီးများအဆင့် စားပွဲဝိုင်းအစည်းအဝေး၊ အမျိုးသားအစီရင်ခံစာများ စသည်တို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ပါသည်။

လုပ်ငန်းအဖွဲ့အစည်းအဝေးများအနေနဲ့ သိပ္ပံနှင့်နည်းပညာအကြံဉာဏ်များဆိုင်ရာ အကူလုပ်ငန်းအဖွဲ့ရဲ့ (၄၃) ကြိမ်မြောက်အစည်းအဝေး (Subsidiary Body for Scientific and Technical Advice- SBSTA 43) ကို ၁-၁၂-၂၀၁၅ ရက်မှ ၄-၁၂-၂၀၁၅ ရက်ထိ ကျင်းပမှာဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများ၊ ထိခိုက်ခံစားလွယ်မှုနဲ့ လိုက်လျောညီထွေဖြစ်စေခြင်းဆိုင်ရာ နိုင်ရိုဘီလုပ်ငန်းအစီအစဉ် (Nairobi Work Programme)၊ နည်းပညာရပ်များဖလှယ်ခြင်း၊ နည်းပညာရပ်ဆိုင်ရာနည်းလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဆုံးရှုံးမှုနဲ့ ထိခိုက်ပျက်စီးမှုဆိုင်ရာ ဝါဆောနိုင်ငံတကာလုပ်ငန်းစဉ် (Warsaw International Mechanism for Loss and Damage)၊ ရာသီဥတုပြောင်းလဲမှုတုံ့ပြန်ခြင်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကျိုတိုနောက်ဆက်တွဲစာချုပ်နဲ့ သန့်ရှင်းသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ် (CDM) ဆိုင်ရာ မြေအသုံးချမှု၊ မြေအသုံးချမှုကြောင့် ပြောင်းလဲလာမှုနှင့် သစ်တောကဏ္ဍဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးညှိနှိုင်းကြမှာဖြစ်ပါတယ်။ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အကူလုပ်ငန်းအဖွဲ့ရဲ့ (၄၃) ကြိမ်မြောက်အစည်းအဝေးကို ၁-၁၂-၂၀၁၅ ရက်မှ ၄-၁၂-၂၀၁၅ ရက်ထိ ကျင်းပမှာဖြစ်ပြီး ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်းဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများရဲ့ အမျိုးသားအစီရင်ခံစာတင်ပြခြင်းဆိုင်ရာ လမ်းညွှန်ချက်တွေ၊ အမျိုးသားအဆင့် မှန်လုံအိမ်ဓာတ်ငွေ့စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အချက်အလက်တွေ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ကိစ္စရပ်တွေ၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်၊ ရာသီဥတုပြောင်းလဲမှုရဲ့ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ဆုံးရှုံးမှုနဲ့ ထိခိုက်ပျက်စီးမှုဆိုင်ရာ ဝါဆော နိုင်ငံတကာလုပ်ငန်းစဉ် (Warsaw International Mechanism for Loss and Damage)၊ ကွန်းဗင်းရှင်းနဲ့ ကျိုတိုနောက်ဆက်တွဲစာချုပ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စတဲ့ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းကြမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒါဘမ်ဆုံးဖြတ်ချက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအပိုင်း (၁၂) ကြိမ်မြောက်အစည်းအဝေးကို ၁-၁၂-၂၀၁၅ ရက်မှ ၅-၁၂-၂၀၁၅ ရက်ထိ ကျင်းပပြုလုပ်မှာဖြစ်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် (မူကြမ်း)ကို အပြီးသတ်မူကြမ်းအဖြစ် ရေးဆွဲနိုင်ရေးအတွက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများရဲ့ (၂၁) ကြိမ်မြောက် ညီလာခံ COP ၂၁ ညီလာခံမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအား တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် (Global Climate Change International Agreement)ဆိုင်ရာကိစ္စရပ်တွေ၊ စွမ်းအင်မူဝါဒဆိုင်ရာကိစ္စရပ်တွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေ၊ ကျွန်းနိုင်ငံငယ်တွေနဲ့ အာဖရိကနိုင်ငံတွေကို နည်းပညာ၊ စွမ်းဆောင်ရည်နဲ့ ရန်ပုံငွေ အထောက်အပံ့ပေးဖို့ကိစ္စရပ်တွေ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာကိစ္စရပ်တွေနဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် အကူအညီလိုအပ်နေတဲ့နိုင်ငံတွေကို အတိုးနှုန်းသက်သာတဲ့ချေးငွေပေးအပ်ရေးဆိုင်ရာကိစ္စရပ်တွေကို အဓိကဆွေးနွေးကြမှာဖြစ်ပါတယ်။

အခုလို ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကမ္ဘာ့သမိုင်းဝင် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်ကို အတည်ပြုဆုံးဖြတ်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်ထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ Le Bourget ၌ ကျင်းပပြုလုပ်မည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများရဲ့ (၂၁) ကြိမ်မြောက်ညီလာခံ (COP 21) သို့ မြန်မာနိုင်ငံအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စားလှယ်အဖွဲ့၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနဲ့ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြမှာဖြစ်ပါတယ်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းဦးဆောင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနဲ့ ဖွဲ့စည်းထားတဲ့အပြင် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကလည်း ပူးပေါင်းတက်ရောက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

## ခမောက်ကြီးမြို့တွင် မည်သည့်ဆက်သွယ်ရေးလိုင်းမျှမရရှိသည့်အတွက် တယ်လီဖုန်းလိုင်းများရရှိရေး ဒေသခံများလိုလား

**ခမောက်ကြီး နိုဝင်ဘာ ၃၀**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့သည် တောင်ဘက်တွင် ကော့သောင်းမြို့နှင့် ၃၄ မိုင် မြောက်ဘက်တွင် ဘုတ်ပြင်းမြို့နှင့် မိုင် ၁၀၀ ကျော်ဝေးကွာပြီး တောင်ဘက်အစွန်ဆုံးကော့သောင်းမြို့နှင့် မြောက်ဘက်ရှိဘုတ်ပြင်းမြို့တွင် MPT မှ GSM နှင့် CDMA တယ်လီဖုန်းလိုင်းများရရှိနေသော်လည်း ခမောက်ကြီးမြို့တွင် မည်သည့်ဆက်သွယ်ရေးလိုင်းမျှမရရှိသည့်အတွက် တယ်လီဖုန်းလိုင်းများရရှိရေး ဒေသခံများလိုလားတောင့်တလျက်ရှိကြောင်း သိရသည်။

ခမောက်ကြီးမြို့တွင် MPT မြန်မာဆက်သွယ်ရေးလုပ်ငန်းမှ တာဝါတိုင်နှင့် စက်စခန်းကို ၂၀၁၃ ခုနှစ်ကတည်းက တည်ဆောက်ပြီးစီးသွားသော်လည်း စက်ရုံအတွင်း မည်သည့်စက်မျှမရှိဘဲ ၂၀၁၅ စက်တင်ဘာ ၁၇ ရက်၌ မိုးသည်းထန်းစွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခက်မှုကြောင့် အဆိုပါစက်ရုံ ပျက်စီးသွားခဲ့သည်။

ကော့သောင်း-ခမောက်ကြီး-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် တယ်လီဖုန်းကေဘယ်လိုင်းများ တူးဖော်မြှုပ်နှံလျက်ရှိသော်လည်း တူးဖော်ခွင့်ရရှိသည့်အပိုင်းလိုက်သာ ဆောင်ရွက်နေရသဖြင့် မြေအောက်လိုင်းများဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း သိရသည်။

MIG (Myanmar Infrastructure Group)TPR ကုမ္ပဏီမှ Hawai server၊ Ooredoo Sim card တို့ဖြင့် ချိတ်ဆက်ပြီး တာဝါတိုင်တည်ဆောက်နိုင်ရန် မြေနေရာရှာဖွေလျက်ရှိကြောင်း TPR ကိုယ်စားလှယ် ဦးနေဝင်းထွန်းက ပြောသည်။

ခမောက်ကြီးဒေသခံပြည်သူများက "ဘယ်ဆက်သွယ်ရေးလိုင်းပဲလာလာသုံးမယ်။ အရင်ဆုံးရောက်တဲ့လိုင်းကို အရင်ဆုံးအားပေးမယ်။ CDMA450MGHz တွေကတိုင်ထောင်လည်း လိုင်းမိတဲ့နေရာမှမိတာ။ တယ်လီဖုန်းလိုင်းမြန်မြန်ရရှိဖို့ပဲလိုလားတယ်" ဟု ပြောသည်။

**မောင်မောင်(ခမောက်ကြီး၊ပြန်/ဆက်)**

ဒေါ်နန္ဒာဝင်းဦးစီးသော
Amazing Land Travels & Tours Co., Ltd.
AK*, mbkm;zjc&;pOf
သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ ဗန်ကောက်နှင့် တခြားပြည်ပခရီးစဉ်များလည်း စတင်နေပါပြီ။
သံဝေဇနိယ လေးဌာန-(၇) ညအိပ် / (၈) ရက်
သံဝေဇနိယ လေးဌာန-(၁၁) ညအိပ်/(၁၂)ရက် ခရီးစဉ်များတစ်လနှစ်ကြိမ်ပုံမှန် ထွက်ခွာနေပါသည်။ ခြောက်ယောက်လျှင် ကားတစ်စီးဖြင့် စီစဉ်ထားပါသည်။ သာဝတ္ထိ ဇေတဝန်ကျောင်းတော်တွင် ပန်းမွေ့ရာဖြင့် ကပ်လှူပူဇော်ပါမည်။ နိုင်ငံကူးလက်မှတ်မရှိသေးသူများ တစ်လကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ် (၁၇-အေ)၊ အခန်း (၂-အေ)၊ ဒုတိယထပ်၊ အနောက်ရွှေဂုံတိုင် (၁) လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၂၃၀၄၂၂၅၊ ၀၉ ၅၅၀၀၁၃၁၊၀၉ ၂၅၀၀၃၉၄၃၄၊ ၀၉ -၇၃၁၅၉၉၇၁၊ ၀၉ -၇၉၈၁၀၅၀၈၃၊၀၉ -၂၅၄၄၁၇၆၁၄၊၀၉ -၂၅၄၁၂၈၉၆၈၊ ၀၉ -၃၃၃၆၄၇၇၇။

ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဦးဆောင်သော ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း
အမှတ်(၁၉) A -၂၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁ - ၂၄၉၅၇၃၊ ၀၁ - ၃၈၅၀၄၄

ဝန်ထမ်းအလိုရှိသည်

ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဦးဆောင်သော ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများတွင် ခရီးစဉ်များအတွက် စီမံခန့်ခွဲခြင်း၊ ရုံးလုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်

၁။ Deputy Administration Director ကျား/မ (၂) ဦး
(ဘွဲ့ရ၊ NGO အဖွဲ့အစည်း အုပ်ချုပ်ရေးအတွေ့အကြုံရှိသူ၊ အသက် (၃၀)နှစ်အထက်၊ ခရီးတိုထွက်နိုင်ရမည်။)
၂။ စာရင်းကိုင် ကျား/မ (၂) ဦး
(စာရင်းကိုင် အတွေ့အကြုံ (၃)နှစ် အထက်)
၃။ ကွန်ပျူတာ စာစီ စာရိုက်ကျွမ်းကျင် ကျား/မ (၂) ဦး

လျှောက်ထားလိုသူများသည် CV ပုံစံ၊ လိုင်စင်ဓာတ်ပုံ(၁) ပုံ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ၁၄ ရက်အတွင်း ရုံးချိန်၌ လူကိုယ်တိုင်လျှောက်ထားနိုင်သည်။

Budget Tour အဆင့်မြင့်ခရီးသွားလုပ်ငန်း 09264450022/33
(30000 ကျပ်)
(35000 ကျပ်)
(115000 ကျပ်)
(120000 ကျပ်)
(110000 ကျပ်)




## ဂုဏ်ယူဝမ်းမြောက်ခြင်း

(၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်ထိပ်သီးအစည်းအဝေးတွင်
၂၀၁၅ ခုနှစ်အတွက် စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်ပထမဆု
**ASEAN Young Entrepreneur Award (2015)** ကို
အ. ထ. က(၄)တောင်ငူကျောင်းသားဟောင်းများ(ရန်ကုန်)အဖွဲ့မှ
နာယကကြီး ဦးထွန်းဝင်း၏သား ဦးသတိုးဟိန်း မှ
ထိုက်ထိုက်တန်တန်လက်ခံရရှိသည့်အတွက်
လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .
အထက(၄)တောင်ငူကျောင်းသားဟောင်းများ(ရန်ကုန်)

## ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ၊ ဒုတိယထပ်၊ ဆိုင်ခန်းအမှတ်(G-10, 11)တွင် တပ်ဆင်ထားသော ဒေါ်တင်တင်လှ မှတ်ပုံတင်အမှတ်[၁၃/တကန (နိုင်) ၀၉၅၆၂၆]အမည်ဖြင့် ဝယ်ယူတပ်ဆင်ထားသော လိုင်းခွဲဖုန်းအမှတ်(၃၀၅၀)၏ မူရင်းဘောင်ချာ ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ယုဇနပလာဇာရုံးခန်း
ဒုတိယထပ်
ဖုန်း-၂၀၀၈၀၁၊ ၂၀၀၇၄၇၊ လိုင်းခွဲ ၄၄၄၄၊ ၃၄၄၄

H&K
A0/A1 ဆိုက်ကြီး အထူး ပုံထုတ် မိတ္တူ
A1-ဆိုက် Drawing မြေပုံ (၁ ရွက်လျှင် ၇၀၀ ကျပ်)
H&K Media Solutions

ကြေးမုံ
စာအုပ်စင်



# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## ပဋ္ဌာန်းပဋ္ဌာဝါရပါဠိတော်

ဓမ္မာစရိယ ဦးအောင်ကျော်မိုး ရေးသားသော ပဋ္ဌာန်းပဋ္ဌာဝါရ ပါဠိတော်စာအုပ်တွင် ပါဠိ-အသံထွက်-မြန်မာပြန်ပါရှိသည်။

ခေတ်အဆက်ဆက်ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးများရွတ်ပွားပူဇော်သည့်အပြင် ကံပွင့် လာဘ်ပွင့် စီးပွားတက်စေသည့် ပဋ္ဌာန်းဒေသနာတော်ကို အချိန်ကြာကြာ နေ့စဉ်မှန်မှန်ရွတ်ဖတ် ပူဇော်ကြလျှင် မျက်မှောက်ဘဝမှာပင် လိုရာဆန္ဒပြည့်ဝသကဲ့သို့ ကောင်းကျိုးချမ်းသာအပေါင်းကို ပေးစွမ်းနိုင်သည်။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သူတို့ကို နတ်၊ ဗြဟ္မာတို့က ကြည်ညိုသည်။ စောင့်ရှောက်သည်။ ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၇၇ (ပထမထပ်-ဝဲ) ၃၉ လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ (ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅)မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## စေတနာမိခင် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်

ဇေယျာဇော်၊ ဖိုးစိုင်း(ဂျာနယ်လစ်) ရေးသားပြုစုသည့် စေတနာမိခင်၊ မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် စာအုပ်တွင် ဒေါ်ခင်ကြည်အကြောင်း ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့်အပြင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အကြောင်းတို့ကိုပါ ဖော်ပြထားသည်။

လုပ်ငန်းတာဝန်ကို ကျေပွန်သည်ဆိုသည်ထက် လုပ်ဖော်ကိုင်ဖက်များအပေါ်၌ဖြစ်စေ၊ အထူးသဖြင့် လူနာများအပေါ်တွင် ကိုယ်ဖိရင်ဖိ၊ စိတ်ပါလက်ပါ စွမ်းဆောင်နိုင်သူ သူနာပြုဆရာမ ဒေါ်ခင်ကြည်၊ ပထမဆုံးမြန်မာအမျိုးသမီး သံအမတ် ဒေါ်ခင်ကြည်၊ မိမိရရှိထားသည့် ထောက်ပံ့ငွေထဲမှ တစ်ဝက်ကို နိုင်ငံတော်သို့ ပြန်လှူခဲ့သည့် ဒေါ်ခင်ကြည်၊ နိုင်ငံတော်မှ မည်သည့်အခွင့်အရေးမှ မယူခဲ့သော ဒေါ်ခင်ကြည်၊ အင်္ဂလန်တွင် ဆေးကုသရန် နိုင်ငံတော်မှ စတာလင်ပေါင် ၃၀၀၀ ပေးလိုက်သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေကို တစ်ပြားတစ်ချပ်မှ သုံးစွဲခြင်းမရှိဘဲ ရန်ကုန်လေဆိပ်ပြန်ရောက်ရောက်ချင်းပင် ပြန်ပေးခဲ့သည့် ဒေါ်ခင်ကြည်၊ ဖတ်ရင်းဖတ်ရင်း လေစားကြည်ညိုစိတ်များတဖွားဖွား ပေါ်ပေါက်လာစေမည့် စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ (ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။



## လှူကြတန်းကြ မန္တလေးမြို့က ကျောင်းအမများ

မန္တလေးမြို့သည် ယဉ်ကျေးမှုထွန်းကားသော မြို့ဖြစ်သည်နှင့်အညီ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်သော မြို့သူ မြို့သားတို့၏ အလှူဒါနများကို စာရေးဆရာ နတ်မောက်ထွန်းရှိန်က မှတ်တမ်းတင်ထားသည်။

အဆိုပါစာအုပ်တွင် မန္တလေးမြို့မှ ဘာသာရေး၊ သာသနာရေး၊ ပရဟိတလုပ်ငန်းများတွင် စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းခဲ့ကြသော ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမများ၊ သုဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ၊ သီရိသုဓမ္မသင်္ဂီ၊ သုဓမ္မသင်္ဂီစသည့် အလှူဒါနကြောင့် ဘွဲ့ထူး၊ ဂုဏ်ထူးရရှိခဲ့ကြသူများ၏ ဘဝတစ္စေ့တစောင်း အလှူဒါနများအကြောင်းကို ဖော်ပြထားသည်။ ကျန်ရှိပါသော မြို့မိမြို့ဖ အလှူရှင် ကျောင်းအမများကိုလည်း ဆက်လက်မှတ်တမ်းတင်ဖော်ပြသွားမည်ဖြစ် ကြောင်းစာရေးသူက ဖော်ပြထားသည်။

စာအုပ်ကို တေဇောလင်းစာပေ ဖုန်း ၀၉-၄၇၁၁၀၃၆၈၊ ၀၉-၂၅၀၃၈၃၇၀၅မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။



## ပေါ့ပေါ့ပါးပါး စတိုင်လ်များ

စန္ဒီ (Artist) ရေးသားသည့် ပေါ့ပေါ့ပါးပါး စတိုင်လ်များ စာအုပ်တွင် ဘလောက်၃၃မျိုး၊ ဂါဝန်အတို၊ အရှည် ၄၀၊ စကတ်တိုရှည် ၁၂ မျိုး၊ ဘောင်းဘီ ၁၂မျိုးနှင့် ခေါင်းစွပ်ခြုံထည် ခုနစ်မျိုးစသည်တို့ကို အလွယ်တကူ ညှပ်နိုင်သော ပုံစံပေါင်း ၁၀၀ကျော် ဖော်ပြထားသည်။

အင်္ကျီလက်ပုံစံ ၂၅မျိုး၊ လည်ပင်းပုံစံ ၁၆မျိုးနှင့် ရှေ့ပိုင်းပုံစံ ၁၅မျိုးကို ဖော်ပြထားသည်။ ဆယ်ကျော်သက်သာမက အရွယ်လတ်ပိုင်းများလည်း ဝတ်ဆင်နိုင်သည့် စတိုင်လ်လေးများကို ဖော်ပြထားရာ ကိုယ်တိုင်ချုပ်ဝတ်နိုင်ရုံသာမက စီးပွားဖြစ်ပါချုပ်လုပ်နိုင်သည်။ အထူးသဖြင့် စက်ချုပ်သမားများ လက်မလွှတ်တမ်း ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်သည်။

စာပေနန်းတော် ဖုန်း ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄ အမှတ် (၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)
## သက်ကြီးသတင်းစာပညာရှင်များကန်တော့ပွဲကျင်းပမည်

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယအကြိမ်သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလ ၅ရက် (စနေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်(၁၂၀)ကျော်တို့ကို ကန်တော့မည်ဖြစ်ရာ အလှူငွေ၊ ဆေးဝါး၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများတို့ကို ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) ရုံးအမှတ်-၁၇၃/၁၇၅(၆)လွှာ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၀၅၂၁၂၈၊ ၀၉-၅၄၀၃၈၃၀၊ ၀၉-၄၃၁၀၈၉၁၉၊ ၀၉-၄၂၈၁၉၉၇၃၃၊ ၀၉-၄၂၁၀၉၄၆၅၉သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

RAIN Travel & Tours
Good Quality Budget Tours managed by Goodream Shwe Bagan Travel

| | | | | | |
|---|---|---|---|---|---|
| ဗန်ကောက် | (၅)ရက် | USD 530 | ဝီကောင်းရှန်ဟိုင်း | (၆)ရက် | USD 1200 |
| ချင်းမိုင် | (၄)ရက် | USD 580 | ဝီကောင်းရှန်ဟိုင်း(မျှော်စင်အထွက်) | (၆)ရက် | USD 1250 |
| ဖူးခက် | (၄)ရက် | USD 650 | ကိုရီးယား | (၅)ရက် | USD 1250 |
| မလေးရှား | (၄)ရက် | USD 650 | ဂယာ | (၁၅)ရက် | ၁၀ သိန်း |
| ဟောင်ကောင်မကာအို | (၅)ရက် | USD 1150 | ဒူဘိုင်း | (၆)ရက် | USD 1800 |
| စီယက်နမ် | (၆)ရက် | USD 780 | ပြင်သစ်၊ဆွစ်ဇာလန် | (၁၀)ရက် | USD 3500 |

အမှတ် ၆၉၊ ပေါ်လမ်း၊ ... ရန်ကုန်မြို့။ Ph: 01-510218, 519 360
အမှတ် ... ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။ Ph: 09- 3169 3339, 09- 730 13856

MIC
Myanmar Imperial College
edexcel



တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
HND Business, Advertising & Branding, Hospitality & Tourism
BA Business & Management, Marketing Management, Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်
MBA Master of Business Administration
DBA Doctor of Business Administration

+ ဗြိတိန်နိုင်ငံ University of Northampton မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု Diploma, Bachelor နှင့် Master Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝန်း
+ အဆင့်မြင့် Library နှင့် Facilities များ

THE UNIVERSITY OF NORTHAMPTON

Enroll Now!
09 732 10001 / 09 4211 00222
အမှတ် (၁) ရေးမြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

# ဝန်ထမ်းအိမ်ရာတည်ဆောက်မှု ၈၄ ရာခိုင်နှုန်း ပြီးစီး

**ကျွန်းလှ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ကျန်းမာရေးဝန်ထမ်းများနေထိုင်ရေး အဆင်ပြေရန်အတွက် ပြည်သူ့ဆေးရုံဝင်းအတွင်း လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်လျက်ရှိရာ ၈၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းကျန်းမာရေးဝန်ထမ်းအိမ်ရာကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ်သန်း ၃၆၀ ဖြင့် အခန်း ၁၆ ခန်းပါပြီး လူနေခန်းတစ်ခန်းလျှင် အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းတို့ပါဝင်ကြောင်း၊ အဆောက်အအုံအကျယ် (အလျား ၁၀၄ ပေ× အနံ ၅၀ ပေ) RC လေးထပ်ကို ဒီဇင်ဘာလတွင် အပြီးတည်ဆောက် သွားမည်ဖြစ်ကြောင်း ရွှေပိုတောက်ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာဦးဇော်ထက်က ပြောပြသည်။

အဆိုပါကျန်းမာရေးဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲလေးထပ်အားတည်ဆောက်ပြီးစီး၍ ယခုလေးခန်းတွဲလေးထပ်တည်ဆောက်ပြီးပါက ဆရာဝန်များ၊ ဝန်ထမ်းများ နေထိုင်ရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံဝင်းအတွင်းသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မအူပင် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့အထွေထွေရောဂါကုဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလှပပြီး ဒေသခံများအား ကျန်းမာရေးနှင့်ညီညွတ်စွာ စောင့်ရှောက်နိုင်ရန်အတွက် နိုဝင်ဘာ ၂၈ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ဆေးရုံဝင်းအတွင်းအပြင်ရှိ ရေမြောင်းများ၊ မြက်များ၊ ဆေးရုံအဆောက်အအုံပတ်လည်ရှိ ချုံနွယ်များ၊ ရေနုတ်မြောင်းများအားရှင်းလင်းခြင်းကို နယ်မြေခံအမှတ်(၂၇)ခြေလျင်တပ်ရင်းမှ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ စုပေါင်း၍ သန့်ရှင်းရေးလုပ်အားအလှူဒါန ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မအူပင်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးသည် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ပြည်သူများအားထားရပြီး အခက်အခဲမရှိ ဆေးဝါးကုသခံယူနိုင်ရန် ခရိုင်၊ မြို့နယ် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မအူပင်ခရိုင်(ပြန်/ဆက်)**



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအတတ်ပညာ လက်သမား၊ ပန်းရန် သင်တန်းများ မလှိုင်မြို့၌ ဖွင့်လှစ်

**မလှိုင် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ပုံမှန်ဝင်ငွေရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး လူမှုစီးပွားဘဝမြင့်မားလာစေရန် ရည်ရွယ်၍ လက်သမား၊ ပန်းရန် အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများကို နိုဝင်ဘာ ၂၈ ရက်က ကံကြီးကျေးရွာအုပ်စု ကံကြီး (တောင်)ရွာဘုန်းကြီးကျောင်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်းက အဖွင့်အမှာစကား ပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများ ဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လက်သမားသင်တန်းသားများအတွက် တူ၊ လက်ထိုးလွှ၊ ချိန်သီး၊ ကျင်တွယ်၊ ဆောက်မျိုးစုံ၊ ရေချိန် စသည့်သင်ထောက်ကူပစ္စည်း ၁၀ မျိုးကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပေးအပ်ခဲ့ပြီး ပန်းရန်သင်တန်းသားများအတွက် ပေါက်ပြား၊ ဂေါ်ပြား၊ သံလက်၊ လက်ပွတ်၊ ချိန်သီး၊ သရိုးဒယ် စသည့်သင်ထောက်ကူပစ္စည်း ၁၀ မျိုးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးဌာန မြို့နယ်ဦးစီးမှူးက ပေးအပ်ခဲ့ပြီး ရပ်မိ၊ ရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ကံကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပန်းရန်သင်တန်းသား ၁၂ ဦး၊ လက်သမားသင်တန်းသား ၁၂ ဦး စုစုပေါင်း ၂၄ ဦးတက်ရောက်ပြီး သင်တန်းကို ၁၅ ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းကို စာတွေ့၊ လက်တွေ့ သင်ကြားသွားမည်ဖြစ်ပြီး လက်သမား၊ ပန်းရန်အတတ်ပညာဖြင့် ကျေးရွာစာသင်ကျောင်းများအတွက်လိုအပ်နေသော စာသင်ခုံများပြုလုပ်ခြင်း၊ ဂါလန် ၄၀၀ ဆံ့အုတ်ရေကန်ပြုလုပ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းအတွက်လိုအပ်နေသော အုတ်တံတိုင်းကာရံခြင်းများကို လက်တွေ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြင် သင်တန်းတက်ရောက်နေစဉ်အတွင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တီရှပ်တစ်ထည်နှင့် တစ်နေ့လျှင် ငွေ ၁၀၀၀ ကျပ် ထောက်ပံ့သွားမည်ဖြစ်ပြီး သင်တန်းချိန်ကာလအတွင်း ကျွမ်းကျင်မှုအပေါ် မူတည်ပြီး ပထမဆုသုံးသောင်း၊ ဒုတိယနှစ်သောင်း၊ တတိယတစ်သောင်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်အောင်မြင်ပြီးပါက အလုပ်အကိုင်အခွင့်အလမ်းများအနေဖြင့် ထိုင်ဝမ်ရှိ Taipei Economic and Trade Center Limited of Taiwan(TETCL) နှင့် International Cooperation and Development Fund(ICDF)တို့မှ သင်တန်းသားအလုပ်သမား လာရောက်လုပ်ကိုင်နိုင်ကြောင်း ကမ်းလှမ်းခြင်း၊ T.Home ( Home Distribution Group ) ကုမ္ပဏီမှလည်း ၎င်းတို့ကုမ္ပဏီတွင် အလုပ်လုပ်ရန် ဆန္ဒရှိပါက အခြေခံဝန်ထမ်းခန့်အပ်ရန် ကွင်းဆင်းရွေးချယ် ခန့်အပ်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**




## မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

MGY

'အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နဲ့ သွားကြစို့'

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက်(၉သိန်း)
သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာဂျ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက်(၁၀သိန်း)

၁၄/၁၅ ရက် - ဒီဇင်ဘာ ၉ (ပြည့်ပြီး)၊ ဇန်နဝါရီ ၆ (၁၀ လို)၊ ဖေဖော်ဝါရီ ၁၀ (၁၀ လို)၊ မတ် ၂၊ ဧပြီ ၈။
၁၁/၁၂ ရက် - ဇန်နဝါရီ ၂၇ (၁၀ လို)။


ဟိုတယ်(၂)ညအိပ်၊ ညဖောင်းခရီးစဉ် လုံးဝမပါရှိပါ။ | ရန်ကုန် - ဂယာ - ရန်ကုန်

ခရီးစဉ်တိုင်းတွင် သံဃာတော်များ ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ နိုင်ငံကူးလက်မှတ်(၆)လသက်တမ်းကျန်ရှိလျှင် (၃၀၀၀၀/-)လျှော့ပေးပါမည်။ (၁၆)ဦး(၁)ဦးအခမဲ့၊ (၁၀)ဦး ၅၀%၊ (၈)ဦး၃၀%၊ ၅ဦး ၁၅% (ခေါင်းဆောင်တစ်ဦးသာ) လျှော့ပေးပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံ ကောက်ခံခြင်း မရှိကြောင်း အထူးပင်အာမခံပါသည်။ ခရီးစဉ်တိုင်းတွင် (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက် ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များအား ရန်ကုန်မြို့ရှိအဆင့်မြင့်လုံးချင်းအိမ်ကြီးတွင် အခမဲ့တည်းခိုနိုင်ခြင်းနှင့် သက်ဆိုင်ရာ လေဆိပ်၊ ကားဂိတ်များသို့ အကြိုအပို့ ပြုလုပ်ပေးပါမည်။ မေတ္တာဖြင့် ရှင်းပြပေးမည့် ဦးဆောင်ဆရာတော်တစ်ပါး၊ ကျွမ်းကျင် Tour Leader တစ်ဦး နှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးပါသည်။

ရုံးချုပ် - အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၆၀၁၈၄၊ ၅၆၀၁၈၅၊ ၀၉-၄၅၇၇၇၀၄၅၊ ၀၉-၃၁၁၈၈၈၈၁

www.myatgoneyaung.com လိုင်စင်အမှတ် - ၁-၂၈၀၅ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၃၃၀/၂၀၁၅-၂၀၁၆(ရက) mgytravel@gmail.com







**မြန်မာ့မသန်စွမ်းသူများကွန်ရက်မှ ဦးဆောင်ကျင်းပသော**
**အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနား**

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ကျရောက်မည့် ''အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့'' အခမ်းအနားအား ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်၊ စမ်းချောင်းသာ Stage တွင် အိမ်မက်ဆုံရာမှ အနုပညာရှင်များ၊ မသန်စွမ်းအနုပညာရှင်များ၊ ဂီမ်းပြိုင်ပွဲများဖြင့် နံနက်(၈း၃၀)နာရီမှ (၂း၀၀)နာရီထိ ဖျော်ဖြေမည်ဖြစ်ရာ ကြွရောက်အားပေးရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
မြန်မာ့မသန်စွမ်းသူများကွန်ရက်



## ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊
ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊

ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။

(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၁၀၀၀၀ ကျပ်
၁၄၀၀၀ ကျပ်



## ဓာတုအင်ဂျင်နီယာမိသားစုအာစရိယပူဇော်ပွဲကျင်းပမည်

ဓာတုအင်ဂျင်နီယာမိသားစုဆရာကြီး၊ ဆရာမကြီးများ(ရန်ကုန်စက်မှုတက္ကသိုလ်)အား ကျောင်းသား၊ ကျောင်းသူဟောင်းများမှ နှစ်စဉ်ပြုလုပ်နေကြဖြစ်သည့် အာစရိယပူဇော်ပွဲကို(အမျိုးသားနေ့) ၆-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ၄နာရီအထိ ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။ (ဖိတ်စာသီးခြားမပို့ပါ)



## ရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)

ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

## ကော့သောင်းမြို့ကမ်းနီးပရဟိတအဖွဲ့များသန့်ရှင်းရေးလုပ်အားဒါနပေးလှူ



**ကော့သောင်း နိုဝင်ဘာ ၃၀**

တန်ဆောင်မုန်းလ နှစ်ကျိပ်ရှစ်ဆူဘုရားများ ယာယီကိန်းဝပ်စံပယ်တော်မူပြီး ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကျင်းပလျက်ရှိသည့် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင်ဘောလုံးကွင်းအတွင်း ကမ်းနီးပရဟိတမိသားစုအဖွဲ့မှ နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းက အမှိုက်သရိုက်များသန့်ရှင်းခြင်း လုပ်အားဒါနပေးလှူခဲ့ကြကြောင်း သိရသည်။

အဆိုပါ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်အား တန်ဆောင်မုန်းလပြည့်ညမှ စတင်ကာ ၇ ရက်တိုင်တိုင် ညပိုင်းတွင်ကျင်းပခြင်းဖြစ်ပြီး ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ဗုဒ္ဓဘာသာဝင်ပြည်သူများ လာရောက်ဆင်နွှဲကြသည်။

ဘုရားပွဲတော်ကျင်းပသည့် နောက်ဆုံးရက်ဖြစ်သည့် ဒီဇင်ဘာလ ၃ ရက်ထိ နေ့စဉ် မွန်းလွဲပိုင်းအချိန်များတွင် သန့်ရှင်းရေးလုပ်အားဒါနအဖြစ် ဆောင်ရွက်ပေးလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း-ပြန်/ဆက်)**

## ယင်းမာပင်မြို့တွင် အမျိုးသမီးအိမ်တွင်းမှု သင်တန်းဆင်းပွဲကျင်းပ အချက်အပြုတ်၊ အချုပ်အလုပ်၊ ဇာထိုးပန်းထိုး ပညာများသင်ကြားပေး

**ယင်းမာပင် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် ၂၆၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် ၃၀ သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ဝန်ကြီးက ထူးချွန်ဆုရသင်တန်းကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ အဆင့်မြင့်သင်တန်းတွင် ထူးချွန်ဆုရသူ မနန္ဒာအောင် (မုံရွာမြို့)၊ အခြေခံအဆင့်သင်တန်းတွင် ထူးချွန်ဆုရသူ မနွယ်နွယ်ဦး (ဖေါင်းပြင်မြို့နယ် သရောင်းကျေးရွာ)တို့ကို ဆုများပေးအပ်ခဲ့သည်။

ယင်းနောက် ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်း ကျောင်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။

"ကျွန်မတို့ကို ဒီသင်တန်းကျောင်းက အချက်အပြုတ်၊ အချုပ်အလုပ်၊ ဇာထိုး ပန်းထိုး ပညာများကို သင်ကြားပေးပါတယ်။ ဒါ့အပြင် မြို့နယ်အဆင့်ဌာနဆိုင်ရာများကလည်း စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးမှုများကိုလည်း လာရောက်ဆွေးနွေး ပို့ချပေးတဲ့အတွက် သင်တန်းမှရရှိတဲ့ အသိပညာ၊ အတတ်ပညာတွေကို ကျွန်မတို့ပတ်ဝန်းကျင်ကို ပြန်လည်ဖြန့်ဝေပေးနိုင်သလို ဒီသင်တန်းကို တက်ရောက်ရတာ များစွာအကျိုးကျေးဇူးများရရှိသဖြင့် အဆင်မြင့်သင်တန်းကို ဆက်လက်တက်ရောက်ပါအုံးမယ်။ သင်တန်းကို အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးသူများ၊ အသိပညာ အတတ်ပညာတွေကို သိရှိတတ်မြောက်အောင် သင်ကြားပေးတဲ့ဆရာ၊ ဆရာမများကို ကျေးဇူးအထူးတင်ပါတယ်" ဟု ပိတောက်ပင် ကျေးရွာမှ သင်တန်းသူ မလှစန္ဒကပြောသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

## ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲပြုလုပ်

**မြိုင် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ညောင်ရွာကျေးရွာအုပ်စု ပန်းတိုင်းတောကျေးရွာများ၌ နိုဝင်ဘာ ၂၈ ရက် ညနေက ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

အဆိုပါကျေးရွာမီးလင်းရေးအခမ်းအနားသို့ မြိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်ကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်အေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်း၊ အမှုဆောင်အရာရှိ ကျေးလက်ဦးစီးမှူး ဒေါ်အေးအေးသန့်နှင့် လျှပ်စစ်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ၊ ဒေသခံကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။

ပန်းတိုင်းတောကျေးရွာသည် အိမ်ထောင်စုပေါင်း ၆၈၆ စုဖြင့် အရှေ့ရွာ၊ အနောက်ရွာတို့အား စည်းလုံးညီညွတ်စွာစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အရှေ့ရွာတွင် အိမ်ထောင်စု ၁၄၆ စုတို့ လျှပ်စစ်မီးရရှိစေရန် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြဋ္ဌေးနှင့်အဖွဲ့တို့က ပြည်သူများထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း ၄၈၇ ဖြင့် ၃ ဒသမ ၅ မိုင် 11KV လိုင်းအား ထရန်စဖော်မာ 200 KVAနှင့် မီးရရှိစေရေး ဆောင်ရွက်ပြီး ကျေးရွာတွင်း လမ်းတို့တွင် မီးပွင့်အလုံး ၅၈ ပွင့်တို့အား မီးလင်းပေးခဲ့သည်။

အလားတူ အနောက်ပန်းတိုင်းတောကျေးရွာ အိမ်ထောင်စု ၅၄၀ တို့အား မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ဝင်းနှင့်အဖွဲ့ဝင်တို့မှ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၂၈၀ တို့ဖြင့် အရှည်မိုင် 11KV လိုင်း ၄ ဒသမ ၂ မိုင်အား ထရန်စဖော်မာ 200KVA နှစ်လုံးအားဖြင့် ဆောင်ရွက်ခဲ့ပြီးလမ်းမီးအလုံး ၁၄၀ ကိုလည်း မီးလင်းပေးခဲ့ကြောင်း သိရသည်။

အိမ်သုံးမီတာများအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မတီများမှ ပြောပြသည်။

ယင်းကျေးရွာများ မီးလင်းရေးဖွင့်ပွဲကို မီးရှူးမီးပန်း၊ မီးပုံးပျံများ၊ အကအလှတို့ဖြင့် စုပေါင်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

## လူမှုရေးအသိအမှတ်ပြု ဂုဏ်ထူးဆောင်လက်မှတ်ဆက်ကပ်

**ရန်ကုန် နိုဝင်ဘာ ၃၀**

လူမှုရေးပရဟိတကိစ္စအဝဝတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဗဟန်းမြို့နယ် ငါးထပ်ကြီး(မြောက်)ရပ်ကွက် ရွှေဂုံတိုင်လမ်းရှိ လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တနိမလထံ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ WMC ဆေးရုံမှ လူမှုရေးအသိအမှတ်ပြု ဂုဏ်ထူးဆောင်လက်မှတ်ပေးအပ်ပွဲကို နိုဝင်ဘာ ၂၆ ရက်တွင် လာရောက်ဆက်ကပ်ကြောင်း သိရသည်။

ယင်းဆေးရုံမှ ဆရာတော်အား ဂုဏ်ထူးဆောင်လက်မှတ်ဆက်ကပ်ခြင်းမှာ မြန်မာနိုင်ငံ၌ ပရဟိတလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေသော ဆရာတော်နှင့် ဘန်ကောက် WMC ဆေးရုံမှ ဆရာဝန်များနှင့် ဝန်ထမ်းများ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ ရဟန်းရှင်လူ ပြည်သူများကို ကျန်းမာရေးအခမဲ့ဆေးကုသပေးနိုင်ခဲ့သည့်အတွက်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ၌ ထိုင်းနိုင်ငံသို့ ဆရာတော်အားပင့်ဖိတ်၍ ဂုဏ်ထူးဆောင်လက်မှတ်ကို အခမ်းအနားဖြင့် ဆက်ကပ်မည်ကိုလည်း သိရသည်။

**(ကြေးမုံ)**

ယာဉ်မောင်းအလိုရှိသည်
ဆက်သွယ်ရန် ဖုန်း
၀၉-၇၈၆၄၇၂၇၄၁

ဟိန်း
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားများငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

သုံးရော်သီ ဓမ္မဒါန
မန္တလေး၊ မေမြို့၊ လားရှိုး၊ မန်စီး၊ ရွှေလီ
(ထမင်းကျွေး-၇၀၀၀၀/-)
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ
(ထမင်းကျွေး-၄၀၀၀၀/-)
Dec 4,11,18,24
420144148, 421153797

ငွေဆောင်
X'MAS NEW YEAR
ခရီးစဉ်ဖြင့်
100,000/-
Ph: 09-252641923
09-421078600

မျိုး
380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

စိုးမြင့်ကြွယ်
ကျိုက်ထီးရိုး (ငြိမ်း) 35000
ချောင်းသာ Hotel(ငြိမ်း) 40000 50000
ငွေဆောင် (Hotel+ကား) 40000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971




## ဒုတိယအကြိမ် ပြန်လည်ဆုံစည်းကြပါစို့

အထက(၂)လသာ (စိန်ဂျွန်းကွန်ဗင့်) ၁၉၇၆-၇၇-၇၈နှင့် စိတ်ပါဝင်စားသော ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၁။ နေ့ရက် - ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၇ရက် (တနင်္ဂနွေနေ့)
၂။ အချိန် - နံနက် ၉နာရီမှ ၁၁နာရီ-ဆရာကန်တော့ပွဲ
နံနက်၁၁နာရီမှ မွန်းလွဲ ၁နာရီ-နေ့လယ်စာနှင့်
ကျောင်းသူဟောင်းအမျိုးသမီးတီးဝိုင်းအဖွဲ့၏ ဖျော်ဖြေရေးအစီအစဉ်
၃။ နေရာ - **Western Park Royal** ကန်တော်ကြီး၊ ရန်ကုန်။

ကျောင်းသူဟောင်းများမှ လက်မှတ်(၁)စောင်ကို ကျပ်(၁)သောင်းဖြင့် ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထားဝယ်၍ ဆရာကန်တော့ပွဲကို အားပေးကူညီကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

ဆရာကန်တော့ပွဲအတွက် လှူဒါန်းလိုသူများနှင့် လက်မှတ်ဝယ်ယူလိုသူများသည် အောက်ပါကျောင်းသူဟောင်းများကို ဆက်သွယ်နိုင်ပါသည်။

၁။ ကျင်ကျင်မင်း(ခ) စန်းစန်းရီ **Class 76**
**Tel:01-241835, HP:09-252858061**
၂။ အေးအေးမင်း **Class 77**
**Singapore HP:65-98449256**
၃။ ဒေါက်တာမဖိတ်အိန်(ခ)သီတာအောင် Class 77
**Tel:01-523785, HP:09-5141897**
၄။ ခင်ဝင်းမော် **Class 77**
ရတနာခုံ၊ ၁၃၈ **Central Hall**၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်။ **HP:09-5087800**
ကမ္ဘောဇဘဏ်၊ ပန်းဘဲတန်း။
**Account No. 040-301-04000803301**
မှတ်ပုံတင်[၁၂/ကတတ(နိုင်)၀၁၀၀၉၁]
၅။ နယ်လီအုန်း **Class 78**
**Tel:01-559879, HP:09-5076875**

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့

## ကြော်ငြာ

### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

| | |
|---|---|
| စတင်ရောင်းချမည့်ရက် | -၂၅-၁၁-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | -၂၄-၁၂-၂၀၁၅ရက် ညနေ ၄ နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ဆေးဝါးများ စာရင်းအသေးစိတ်ကိုသိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၁၀၆၉၊ ၀၇၀-၂၁၀၂၁**

---

### အာစရိယပူဇော်ပွဲ(စလင်းမြို့)

စလင်း၊ အထက၊ အလကတို့တွင် တာဝန်ထမ်းဆောင်ဖူးသော၊ အငြိမ်းစားယူထားသည့် အသက်(၆၅)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး (၉၄)ဦးတို့အား စလင်းမြို့၊ မြတ်ရတနာဓမ္မာရုံကြီးတွင် ၅-၁၂-၂၀၁၅ရက်၌ (၁၃)ကြိမ်မြောက်အဖြစ် ပူဇော်ကန်တော့မည်ဖြစ်ပါကြောင်း။

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

ဆက်သွယ်လှူဒါန်းရန်-
(ရန်ကုန်-ဦးစန်းညိုအောင် ၀၉-၂၅၀၁၅၄၀၄၈)၊ (နေပြည်တော် ဦးခင်မောင်သန်း ၀၉-၉၇၀၆၁၀၉၀၃)၊ (မကွေး- ဦးတင်အောင်-၀၉-၄၀၁၅၃၉၂၀၇) (ပွင့်ဖြူ- ဦးစန်းလွင်-၀၆၃-၆၀၀၅၅)၊ (စလင်း-ဦးဗိုလ်တင်ဌေး-၀၉- ၉၇၃၀၉၇၃၁၈)

---

### (၂၂)ကြိမ်မြောက်
### အထက(၂)အလုံ အာစရိယပူဇော်ပွဲ

အထက(၂)အလုံ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၅-၁၂-၂၀၁၅ရက်တွင် (၈)မိုင် ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သောကြောင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမည် | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| ၁။ | ဆရာမကြီးဒေါ်မြမြအေး | ၀၉-၈၆၀၇၇၉၉ |
| ၂။ | ဦးချိုမြင့် | ၀၉-၅၁၅၁၅၅၇ |
| ၃။ | ဒေါ်ကျင်လှိုင် | ၀၉-၅၁၀၀၅၇၈ |
| ၄။ | ဦးဌေးလှိုင် | ၀၉-၅၁၉၉၄၂၀ |
